# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၈)ရက် ၊ သောကြာနေ့ ၊ (21-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၃)



ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Alexander Turchin က ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ President ဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ရှိ President ဟိုတယ်သို့ ရောက်ရှိရာ **စာမျက်နှာ ၁၈ ကော်လံ ၁**



**ဂါရဝပြုတွေ့ဆုံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ဂါရဝပြုတွေ့ဆုံစဉ်။

## ဝေါနယ်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



ဝေါနယ်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့်ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေါနယ်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ **စာမျက်နှာ ၂၆ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထွက်ခွာ၊ ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိ စာမျက်နှာ - ၁၈

နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၃) ဆောင်းပါး စာမျက်နှာ - ၈

## စစ်တွေမြို့ပေါ် ရပ်ကွက်များကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် ဒီဇယ်ဓာတ်အားပေးမီးစက်များ ဖောင်တော်ကြီးဆိပ်ကမ်းသို့ ရောက်ရှိ

**စစ်တွေ ဩဂုတ် ၂၀**

စစ်တွေမြို့ပေါ် ရပ်ကွက်များကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် ရတနာပန်းတောင်း ရေယာဉ်ဖြင့် သယ်ဆောင်လာသော 500 KVA နှင့် 300 KVA ဒီဇယ်ဓာတ်အားပေး မီးစက်များသည် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်းကို ယနေ့ မွန်းလွဲပိုင်းက ရောက်ရှိသည်။

အဆိုပါရေယာဉ်ဖြင့် မီးစက်များ ပါရှိမှု၊အခြေခံစားကုန်များ၊ဆန်နှင့် **စာမျက်နှာ ၂၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# စီးပွားရေးအောင်မြင်မှုများရရှိလာစေမည့် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်

ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့ပထဝီစီးပွားရေးစိန်ခေါ်မှုများမြင့်မားနေသည့်ကာလ၌ အပြန်အလှန်နားလည်မှုတို့ဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။ အထူးသဖြင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုအခြေပြုပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်သွယ်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အနာဂတ်မျှော်မှန်းချက်များအတွက် အဓိကကျသည့်အင်အားပင်ဖြစ်ပေသည်။

နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် သရက်သီးအနှစ်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အဝတ်အထည်များကို ရုရှားနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေသကဲ့သို့ ရုရှားနိုင်ငံက စက်သုံးဆီနှင့် ဓာတ်မြေဩဇာများကို အဓိကတင်သွင်းနေသည်။ ထို့ပြင် မြန်မာ့ထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ရေနံသဘာဝဓာတ်ငွေ့နှင့် စက်မှုကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃၅၉ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့တွင် ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဩဂုတ် ၁၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၌ကျင်းပပြုလုပ်ခဲ့သော ၂၀၂၆ ခုနှစ် ရုရှား-မြန်မာစီးပွားရေးဖိုရမ်တွင် **"မြန်မာနိုင်ငံအနေဖြင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် နည်းပညာကုမ္ပဏီများအား မြန်မာနိုင်ငံကို လာရောက်ပြီး ရင်းနှီးမြှုပ်နှံရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော၊ ခိုင်မာအားကောင်းသော၊ အပြန်အလှန်အကျိုးပြုသော စီးပွားရေးဖွံ့ဖြိုးမှုကို လက်တွဲဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း"** အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ မဟာဗျူဟာကျသောတည်နေရာနှင့် ရုရှားနိုင်ငံ၏ နည်းပညာ၊ အတွေ့အကြုံတို့ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများရရှိလာနိုင်ပေသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းတွင် ယုံကြည်စိတ်ချရသောမဟာဗျူဟာမြောက်စီးပွားရေးမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်သမ္မတတက်ရောက်ခဲ့သည့် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်မှသည် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများရရှိလာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကေ ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပန်းခရုပိဿာချိန် ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်းပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ပန်းခရုတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ဇူလိုင်လအတွင်းမှာ ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ ပန်းခရုတွေကို ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားတက်လာတာပါ"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုသိမ်ကြီးမြို့နယ် ကျွန်းဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွန်းဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကျွန်းဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျွန်းဆင်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၃၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## စဥ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

**စဥ့်ကိုင် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရွာသစ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းနိုင်၊ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှတာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွာသစ်ကျေးရွာ၌ လမ်းအရှည် တစ်မိုင် ၁ ဒသမ ၀၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေ ချင်းမြေကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၀၈ ဒသမ ၆၇၃ သန်းဖြင့် ပြည့်ဝကုမ္ပဏီမှ ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဖောက်လုပ်ပြီးစီးပါက ရွာသစ်ကျေးရွာမှ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၈၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြင်းမူ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၈၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၅၂၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲစင်းငုံ ၃၅၂၂၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၂၈၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် ကွင်းဆင်းအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ **(၂၀၆)**

## ပျော်ဘွယ်မြို့နယ် ချင်းယားကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

**ပျော်ဘွယ် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းယားကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ VDP စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ချင်းယားကုန်းကျေးရွာတွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းမာရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၂ ဦး ကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ အခုလိုအခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# စာပေအပွင့်နှင့် စာပေအသီး

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"မှတ်ဖွယ်မှတ်ရာ ၊ ထိုထိုစာကို**
**ရှာ၍မပြတ် ၊ အိမ်တွင်ဖတ်**
**ဖတ်ပြန်သော်ကား ၊ ဖတ်ဖန်များက**
**သားမယားပင် ၊ သိမြင်ကင်းကွာ**
**မလိမ္မာလည်း ၊ စာပေစကား**
**နေ့တိုင်းကြားက ၊**
**ထူးခြားလိမ္မာရှိသည်သာတည်း"။**

**(ရှင်မဟာရဋ္ဌသာရ)**

"ဂံ၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်း၊ ဘောင်၊ ကုန်းဘောင် ၁၁ ခေတ်"

မြန်မာရာဇဝင်တွင် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်(ကုန်းဘောင်ခေတ် - ၁၁ ခေတ်) ရှိခဲ့ရာ ခေတ်အလိုက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မြန်မာစာပေသည် ပုဂံခေတ်နှောင်းပိုင်း (အေဒီ ၁၁၇၄-၁၃၀၀) ကာလမှ စတင်ဖွံ့ဖြိုးလာခဲ့သော်လည်း ပင်းယ၊ စစ်ကိုင်းနှင့် ပဒေသရာဇ်ခေတ်များတွင် ကဗျာ၊ လင်္ကာ၊ ပျို့၊ ရတု၊ မော်ကွန်း၊ မေတ္တာစာ၊ တောလား၊ ပြဇာတ်စာပေများ ပေါ်ပေါက်လာခဲ့သည်။ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသက စကားပြေသက်သက်ဖြင့် **"ပါရာယန"**ဝတ္ထုကို ရေးသားခဲ့သည်။"ပါရ=သံသရာတစ်ဖက်ကမ်းနိဗ္ဗာန်။ အာယနဝ=ရောက်ကြောင်းခရီး" နိဗ္ဗာန်ရောက်ကြောင်း ခရီးဝတ္ထုဖြစ်သည်။

ဤနေရာတွင် "စကားပြေ"၏ အနှစ်ချုပ်ကို ကောက်နုတ်တင်ပြရသော်" စကားပြေဟူသည်မှာ ကဗျာ၊ လင်္ကာမျိုးမဟုတ်ဘဲ ပြေပြစ်စွာရေးသား ပြောဆိုသောစာ၊ ပြေရာပြေကြောင်း ပြောဆိုသောစကား”ဟု ဖွင့်ဆိုထားသည်။ လွယ်လွယ်ကူကူ၊ ရှင်းရှင်းလင်းလင်း၊ ဖတ်လွယ်၊ မှတ်လွယ်၊ နားလည်သဘောပေါက်လွယ်သော စာစကားကို ဆိုလိုရင်းဖြစ်သည်။ "ဝတ္ထု"ဆိုသည်မှာ ပါဠိမှ ဆင်းသက်လာပြီး "အကြောင်းအရာ"ဟု အဓိပ္ပာယ်ရသည်။ လူ့သဘာဝ အဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသောစာကို ဆိုလိုသည်။ ရှေးခေတ်အဆက်ဆက်က စတင်ဖွံ့ဖြိုးလာခဲ့သော မြန်မာစာပေတွင် "ကဗျာ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ပျို့၊ လင်္ကာ၊ ရတု၊ ပတ်ပျိုး၊ သံပေါက်၊ အဲချင်း၊ ဧချင်း၊ အိုင်ချင်း၊ အန်ချင်း၊ ကာချင်း၊ ယေင်ကျူး၊ ဘောလယ်" စသည့် ကာရန်၊ အသံပါသော စာပေများ၊ ဆောင်းပါး၊ ဝတ္ထု၊ ရာဇဝင်၊ သမိုင်း၊ နိပါတ်၊ ပြဇာတ်၊ စာညွှန့်၊ အက်ဆေး၊ တက်ကျမ်း၊ ပုံဝတ္ထု စသည့်စကားပြေအရေးအသားစာပေများဟူ၍ မြောက်မြားစွာရှိသည်။

ထိုမြောက်မြားစွာသော စာပေအမြုတေများကို သားစဉ်မြေးဆက်၊ လက်ဆင့်ကမ်းခဲ့ကြသဖြင့် ယနေ့ထိ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ထိုအမြုတေစာပေများကို အကျိုးရှိစွာ ကျင့်သုံးလိုက်နာကြသူတိုင်းသည် အစဉ်အဆက် တိုးတက်မြင့်မားလာကြသည်။ ထိုသို့ တိုးတက်မြင့်မားလာကြရင်းက စာပေဖတ်ရှုသူများက လက်တွေ့ခံစားကြရသည်များကို ခွဲခြမ်းစိတ်ဖြာပြီး "ရသစာပေနှင့် သုတစာပေ"ဟူ၍ နှစ်မျိုးသတ်မှတ်ထားကြသည်။

ရှေးခေတ်က "နှလုံးရည်တပ်သား သူရဲကောင်းများ"ဟု ဂုဏ်ပြုအမွှမ်းတင်ခြင်းခံခဲ့ကြရသည့် စာဆိုတော်ကြီးများ၊ စာပေပညာရှင်များနှင့် ယနေ့ခေတ် စာရေးဆရာ၊ ဆရာမ၊ စာပေလောကသားအားလုံးသည် ခံစားချက်အမျိုးမျိုး၊ အတွေ့အကြုံအဖုံဖုံကို ကိုယ်ကျွမ်းကျင်ရာ အတတ်ပညာအရ ရေးသားလာခဲ့ကြသည်။ နောက်ပိုင်းကျမှသာ "ရသစာပေနှင့် သုတစာပေ"ဟု ခွဲခြားလာခြင်းဖြစ်သည်။

သုတစာပေပဲဖြစ်ဖြစ်၊ ရသစာပေပဲဖြစ်ဖြစ် စာချစ်သူ၊ စာဖတ်သူ၊ စာရှုသူများကို အကျိုးပြု၊ မပြု အပေါ်မှာ မူတည်နေသည်။ အကျိုးပြုသည့်စာကောင်းပေမွန်များနှင့် ခွန်အားရှိသောစာပေများကို ဖတ်ရှုမှတ်သားနိုင်ကြပါမှ စာပေရေးသားရကျိုး၊ စာဖတ်ရကျိုးနပ်ကြပေလိမ့်မည်။

**"အလိမ္မာစာမှာရှိ" "စာဖတ်မှကြီးပွား" "စာအုပ်စာပေ လူ့မိတ်ဆွေ" "စာပေမြင့်မှ လူမျိုးတင့်မည်" "စာပေသည် ခေတ်၏ကြေးမုံဖြစ်သည်" "စာတတ်ပါလျက် စာမဖတ်သူသည် အကန်းနှင့်တူသည်"**

**❖ စာပေဟူသော ပင်မပင်စည်ကြီး၏ အကိုင်းအခက်နှင့် အရွက်များကြားတွင် လူသားတို့အတွက် "အသီးနှင့်အပွင့်"ဟူသော အသုံးပြုဖွယ်ရာ ပစ္စည်းနှစ်ရပ် ဖြစ်ပေါ်နေသည်။ "ရသစာပေ"မှာ အနံ့နှင့်အဆင်းကိုခံစားရယူနိုင်သော "အပွင့်"နှင့် တူသည်။ "သုတစာပေ"မှာ စားသုံးမှုအရသာကိုသာမက အာဟာရကိုပါ ဖြစ်စေနိုင်သောကြောင့် "အသီး"နှင့်တူသည်။ အချို့စာပေပင်စည်ကြီးများသည် အပွင့်ရောအသီးပါ တစ်ပြိုင်နက်တည်း တစ်ပင်တည်းမှ သီးပွင့်ပေးနေလေရာ ကြိုက်နှစ်သက်ရာကို အသုံးပြု၍ရနေကြသည်။ ❖**

**"တိုးတက်သောလူတိုင်းသည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတိုင်းသည် တိုးတတ်ကြသည်" "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"** ဟူသောဆောင်ပုဒ်များကို ပေါ့ပေါ့တန်တန် ဖော်ထုတ်ထားခြင်းမဟုတ်။ စာပေပညာရှင်ကြီးများက ဘဝနှင့် စာပေအတွေ့အကြုံများစွာကို အကြောင်းရင်းခံပြီး ထုတ်ပြန်ထားခြင်းဖြစ်သည်။ စာပေ၏ဂုဏ်ကျေးဇူး အထူးထူးကို သိရှိနားလည်ကြပြီး လိုက်နာကျင့်ကြံစေရန် လမ်းညွှန်လှုံ့ဆော်ထားခြင်းဖြစ်သည်။ ထို့ကြောင့် စာရေးဆရာ၊ ဆရာမတိုင်းသည် စာဖတ်ပရိသတ်အကျိုးရှိစေမည့် စာကောင်းပေမွန်များကိုသာ ထာဝစဉ်ရေးသားကြခြင်းဖြင့် စာပေ၏ကျေးဇူးရှင်များအဖြစ် ခံယူသင့်သည်။

စာရေးဆရာ၊ စာရေးဆရာမများသည် များသောအားဖြင့် ကိုယ်အားသန်ရာ ဝါသနာပါရာကိုသာ ဇောက်ချ ရေးသားကြလေ့ရှိသည်။ သုတစာပေကို အားသန်သူက သုတစာပေကို ရေးသည်။ ရသစာပေကို အားသန်သူက ရသစာပေကိုရေးသည်။

"ရသစာပေ" ဟူသည်မှာ စိတ်ကူးဖြင့်ဖန်တီးဖွဲ့ဆိုထားသောဝတ္ထုများ၊ ကဗျာများ၊ လင်္ကာများဖြစ်ကြသည်။ ဖန်တီးဖွဲ့ဆိုထားသော ထိုစာတို့ကို ဖတ်ရှုကြခြင်းအားဖြင့် စာဖတ်သူတစ်ဦးဦးအတွက် တစ်စုံတစ်ခုသော အရသာကိုခံစားစေပြီး တစ်ရပ်ရပ်သော စေတနာကိုပေါ်စေသည်။ ပမာတင်ပြရလျှင် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝကျရောက်ခဲ့စဉ်က မျိုးချစ်စာပေပညာရှင်များ၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေခဲ့သော စာပေမျိုးစုံသည် ရသစာပေများဖြစ်ကြသည်။

**"အမျိုးသားစာဆိုရှင်ကြီးဆရာဇော်ဂျီ"**က "ရသစာပေ ရေးသားနိုင်ရေးအတွက် (၁) ဝေဒနာ=ခံစားတတ်ရမည်၊ (၂) စေတနာ=ကိုယ်ခံစားသလို အခြားသူတွေ၊ စာဖတ်ပရိသတ်တွေလည်း ခံစားစေချင်စိတ်ရှိရမည်၊ (၃) အတတ်ပညာ=စာရေးသားနည်းကျွမ်းကျင်ရမည်၊ စိတ်ကောင်းမွေးမှ စာကောင်းရေးနိုင်မည်"ဟု ရသစာပေနိဒါန်းတွင် လမ်းညွှန်ခဲ့သည်။

**"သုတစာပေ"**ဟူသည်မှာ အဖြစ်မှန်အကြောင်းတစ်ရပ်ရပ်၊ အကြောင်းအရာတစ်ခုခု၏အကြောင်း၊ အတ္ထုပ္ပတ္တိဖြစ်စဉ်၊ သမိုင်း၊ တက်ကျမ်းများ၊ လုပ်ငန်းဆိုင်ရာနည်းလမ်းများ စသည်ဖြင့် တင်ပြအသိပေးထားသော စာပေများသည် သုတစာပေများဖြစ်ကြသည်။

အချို့ကလည်း သုတစာပေနှင့် ရသစာပေကို ရောသမမွှေကာ ရေးသားနေကြသည်။ သုတစာပေကိုပင် စာဖတ်သူအား တစ်စုံတစ်ခုသောစေတနာကို ဖြစ်ပေါ်လာစေရန် အလင်္ကာနည်းဖြင့် တန်ဆာဆင်ကာ ဆွဲဆောင်မှုရှိအောင် ရေးသားပါက ရသကိုရရှိစေပြီး စေတနာကိုဖြစ်ပေါ်စေသောကြောင့် သုတရသ စာပေဟု ခေါ်ဆိုအသိအမှတ် ပြုကြသည်။

သာဓကအချို့ကို ကောက်နုတ်တင်ပြရလျှင် **"စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်"** သည် ဗိုလ်တထောင်နေ့စဉ်သတင်းစာတွင် **"အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ"** ဝတ္ထုဆောင်းပါးရှည်ကြီးကို နေ့စဉ်အခန်းဆက်ရေးသားခဲ့ရာ သတင်းစာဖတ်ပရိသတ်က ဗိုလ်တထောင်သတင်းစာကို နေ့စဉ်မပြတ် စောင့်ဖတ်နေခဲ့ကြရသည်။ ဝတ္ထုဆောင်းပါးထဲပါ ဇာတ်လိုက်မင်းသားမောင်သန့်ဇင်နှင့် မင်းသမီးလေး ရေသူမတို့ ဘယ်နေ့တွေ့မှာလဲ၊ ဇာတ်ပေါင်းမှာလားဟု စိတ်ဝင်တစား တသသဖြစ်အောင် ဆွဲဆောင်မှုရှိစွာ၊ ရသပါပါ ရေးသားထားရာ စာချစ်သူများ၏ ရင်ထဲတွင် စွဲထင်နေခဲ့ကြသည်။ တကယ်တော့ ဆရာကြီးဦးသိန်းဖေမြင့်က အဏ္ဏဝါသုတေသန လုပ်ငန်းများကို ရေးသားထားခြင်းဖြစ်သည်။ မြန်မာ့ပင်လယ်ရေအောက်တွင် ငါးမျိုးစုံ၊ ပုလဲမျိုးစုံ၊ သဘာဝဓာတ်ငွေ့နှင့် သယံဇာတမျိုးစုံ၊ ကြွယ်ဝပြည့်စုံနေမှုကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသိအောင် သုတ နှင့်ရသပေါင်းစပ် ရေးသားထားခြင်းဖြစ်သည်။ မောင်သန့်ဇင်နှင့် ရေသူမကို အယောင်ပြဆွဲဆောင်ကာ အဏ္ဏဝါဗဟုသုတကို ပေးခြင်းဖြစ်သည်။ သုတရသအဖြစ် လုံးချင်းထုတ်ဝေခဲ့ရာ တက္ကသိုလ်တွင် ပြဋ္ဌာန်းစာအုပ်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

ဆရာကြီးဦးသိန်းဖေမြင့်က ဗိုလ်တထောင်သတင်းစာမှာပင် **"အရှေ့မြောက်တိုင်းတစ်ခွင်"** ခရီးသွား ဆောင်းပါးရှည်ကြီးကို နေ့စဉ်အခန်းဆက် ရေးသားခဲ့ရာ နေ့စဉ်မပြတ် ဆက်၍ဖတ်ချင်အောင် ဆွဲဆောင်မှုရှိခဲ့သည်။ ပျဉ်းမနားရေဆင်းဆည်ကြီးကို ငွေမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ထားခြင်းမှာ တောင်သူလယ်သမားများနှင့် လယ်ဧကမြောက်မြားစွာအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိကြောင်း၊ ကိန်းဂဏန်းများနှင့် ရေးသားထားသော်လည်း လမ်းခရီးတွင် ရုပ်ရှင်ဒါရိုက်တာ၊ မင်းသားများနှင့်တွေ့ဆုံပုံ၊ သိန္နီတွင် ရှမ်းပျိုဖြူလေး "အဲနွေး" တွေ့ဆုံပုံများကို ဖွဲ့နွဲ့ရေးသားထားရာ သုတရသစွယ်စုံရသဖြင့် တသသခံစားခဲ့ကြရသည်။

ထိုနည်းတူ ဗုဒ္ဓစာပေများကို လူငယ်တွေဖတ်ချင်စဖွယ်ဖြစ်အောင် သုတနှင့်ရသရောနှောကာ ရေးသားခဲ့သူမှာ **"ဆရာကြီးငွေဥဒေါင်း"** ဖြစ်သည်။ ဆရာကြီးငွေဥဒေါင်း၏ "ဗုဒ္ဓစာပန်းချီ"စာအုပ်များသည် သုတရော၊ ရသပါ ပေးနိုင်စွမ်းရှိပြီး လူငယ်များသာမက ယနေ့ စာရေးဆရာအချို့သည်ပင်လျှင် ဆရာကြီးငွေဥဒေါင်းကို အားကျအတုယူကာ အလားတူ ဗုဒ္ဓစာပေများကို ရေးသားနေကြသည်။ ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးဦးသုခတို့လည်း ရေးသားခဲ့ကြသည်။

**"ဆရာသိပ္ပံမောင်ဝ"**၏ ဝတ္ထုဆောင်းပါးများသည် သုတရသစာပေများဖြစ်ကြသည်။ သုတနှင့်ရသကို ရောသမမွှေ ရေးသားနေကြသော စာရေးဆရာ၊ ဆရာမများစွာရှိနေရာ လူကြိုက်များကြသည်။

ဗဟုသုတများကို အတုံးလိုက်၊ အတစ်လိုက် ရေးထားလျှင် အချို့ကမဖတ်ချင်ကြပေ။ ထိုဗဟုသုတများကို ဖတ်ချင်စဖွယ်ဖြစ်အောင် အဖွဲ့အနွဲ့၊ အခြယ်အသ၊ နေရာဒေသအလိုက်၊ စရိုက်နှင့်အညီ ရေးသားကြပါက စာချစ်သူများက နှစ်သက်လက်ခံကြလေ့ရှိသည်။

သဘောကတော့ အသားဟင်းနှင့်ထမင်းဝိုင်းတွင် အသားချည်းစားရလျှင် မျိုချရသည်မှာ မတင်းတိမ်နိုင်သလို ဟင်းရည်ပါရွှဲရွှဲဆမ်းစားပါက စားရသောက်ရတာ အဆင်ပြေသည့်နှယ်ပင်တည်း။

မုန့်ဟင်းခါးစားလျှင် မုန့်ဟင်းဖတ်နှင့်ဟင်းရည် ရောစားမှရသည့်ပမာ သုတနှင့်ရသကိုလည်း ရော၍ရေးမှ ပြည့်စုံထိရှစေသောစာပေမျိုးကို ရတတ်သည်။ ရေးသားနေကြဆဲလည်းရှိကြသည်။

**"ဆရာကြီး ဒဂုန်ရွှေမျှား"**က "ဝတ္ထု (ရသစာပေ) သည် စားဆေးနှင့်တူပြီး ဆောင်းပါး (သုတစာပေ) သည် ထိုးဆေးနှင့်တူသည်" ဟု လမ်းညွှန်ခဲ့သည်။

**"တစ်သက်တာစာပေဆုရ ဆရာမကြီး မစန္ဒာ"** ကတော့ ရသစာပေထဲမှ "ဝတ္ထုတိုဟာ စူးနဲ့မှိန်းနဲ့ ငါးဖမ်းတာနဲ့တူတယ်။ ရေထဲကငါးကို အမိအရချိန်ပြီး တစ်ချက်တည်းနဲ့မိအောင်ထိုးရပါတယ်။ လုံးချင်းဝတ္ထုကတော့ ပိုက်ကွန်ပစ်ပြီးငါးဖမ်းတာနဲ့တူပါတယ်။ ကွန်ပစ်သူရဲ့အရည်အချင်းနဲ့ အတွေ့အကြုံအပေါ်မူတည်ပြီး ရတဲ့ငါးအနည်းအများကွာသွားပါတယ်"ဟု ဖွင့်ဆိုထားသည်။

**"ဆရာကြီးမင်းသုဝဏ်"**ကတော့ "စကားပြေသည် လူမျိုး၏အသက်၊ လူမျိုး၏အားထားရာ၊ လူမျိုး၏ တန်ဆောင်ဆီမီးဖြစ်သည်ကို မပြတ်သတိရသင့်ပေသည်"ဟု သတိပေးခဲ့သည်။

မြန်မာစာပေနှင့်ပတ်သက်၍ ထင်ရှားလှသည့် လမ်းညွှန်သြဝါဒများအပြင် သာဓကပြဆိုထားသည်ကိုလည်း တင်ပြချင်သည်။

စာပေဟူသော ပင်မပင်စည်ကြီး၏ အကိုင်းအခက်နှင့်အရွက်များကြားတွင် လူသားတို့အတွက်

**စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၃၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် စပါး ၆၃၂၆၃ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၀၃၅ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ စပါးဧက ၆၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာနဲ့မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

**"အသီးနှင့်အပွင့်"**ဟူသော အသုံးပြုဖွယ်ရာ ပစ္စည်းနှစ်ရပ်ဖြစ်ပေါ်နေသည်။

**"ရသစာပေ"**မှာ အနံ့နှင့်အဆင်းကိုခံစားရယူနိုင်သော **"အပွင့်"**နှင့် တူသည်။ **"သုတစာပေ"** မှာ စားသုံးမှုအရသာကိုသာမက အာဟာရကိုပါ ဖြစ်စေနိုင်သောကြောင့် **"အသီး"**နှင့်တူသည်။ အချို့စာပေပင်စည်ကြီးများသည် အပွင့်ရောအသီးပါ တစ်ပြိုင်နက်တည်း တစ်ပင်တည်းမှ သီးပွင့်ပေးနေလေရာ ကြိုက်နှစ်သက်ရာကို အသုံးပြု၍ ရနေကြသည်။

အချို့အသီးအပွင့်များသည်ကား ပိုးလောက်လန်းများရှိနေကြသည်။ အဆိပ်ပွင့်အဆိပ်သီးများ ဖြစ်နေကြသည်။ အသုံးပြုကြသူများကို အန္တရာယ် ဖြစ်စေသည်။ ထိုအဆိပ်ပွင့်၊ အဆိပ်သီးများကိုကား ရှောင်ရှားကြရန်လိုသည်။

အကျိုးပြုသောစာပေအပွင့်နှင့် စာပေအသီးတို့သည်ကား လူသားတို့ကို အသိပညာနှင့် အတတ်ပညာများကို ပေးလေ့ရှိသည်။ ဖျော်ဖြေမှုရသကိုလည်းပေးသည်။ အပန်းလည်းပြေ၊ စိတ်အဆာလည်းပြေ၊ ဘဝအတွက် လမ်းညွှန်ချက်ကိုလည်းရစေသည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေသည့်စွမ်းအားကိုလည်း မြှင့်တင်ပေးသည်။ အောင်မြင်တိုးတက်ရာတိုးတက်ကြောင်း၊ နည်းလမ်းကောင်းများကိုလည်း မီးမောင်းထိုးပြပေးသည်။ သံဝေဂရဖွယ်၊ သင်ခန်းစာယူဖွယ်များကိုလည်းပေးသည်။ ဖတ်နိုင်လေလေ၊ မှတ်နိုင်လေလေ၊ အကျိုးရှိလေလေပင်ဖြစ်သည်။

အချုပ်ဆိုရလျှင် စာပေဟူသောပင်စည်ကြီးမှ **"ရသစာပေ အပွင့်ကောင်း"**ကို နှစ်သက်သူ၊ **"သုတစာပေ အသီးကောင်း"**ကို သဘောကျသူ၊ အပွင့်ရောအသီးပါ နှစ်မျိုးစလုံးကို နှစ်ခြိုက်သူ၊ မည်သူမဆို ကိုယ်ကြိုက်နှစ်သက်ရာကို အသုံးပြုနိုင်ကြပြီး မိမိကိုယ်မိမိ၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးပြုကြရန်သာ လိုအပ်လှပါသည်။

## တို့ရွာနံဘေး ချောင်းကလေး

- တို့ရွာနံဘေး ချောင်းလေးတည်ရာ
  ရေစီးသန်လှ မိုးကျအချိန်ခါ
  ခရီးသွားလာ များစွာခက်လှ
  ချောင်းဘေးစုပြုံ လူပေါင်းစုံ
  ရေကုန်အောင် စောင့်သည်နှင့်လေး။

- သွားလာလွယ်မှ ချမ်းမြစေရာ
  တို့ရွာလူထု ပေါင်းစုတိုင်ပင်ကာ
  ချောင်းဖြတ်ကူးရာ ဘယာကင်းဝေး
  လုပ်အားနှင့်ငွေ ပစ္စည်းတွေ
  လိုလေမရှိ ပေးသည်နှင့်လေး။

- စားဝတ်နေရေး ဟိုရှေးအစဉ်
  လယ်ယာလုပ်ငန်း ပင်ပန်းစိတ်မထင်
  ဝင်ငွေကရှင် ပူပင်ကင်းလှ
  ကိုယ်ရောစိတ်ပါ ရွှင်လန်းဖြာ
  ညီညာလက်တွဲ ကြသည်နှင့်လေး။

- ဘိုးဘွားမိဘ ရှေးကအစဉ်လာ
  ညီညာစီတန်း ပင်ထန်းဝေဝေဆာ
  အရင့်အမာ ကြိုက်ရာကိုရွေး
  တံတားဆောက်ရာ ခုတ်လှဲပါ
  လိုရာသုံးဖို့ ပေးသည်နှင့်လေး။

- ချိန်ခါမရွေး မနေးဖြတ်ကျော်ကာ
  ထန်းလုံးတံတား တည်ထားတို့ကျေးရွာ
  စည်းလုံးညီညာ သဒ္ဓါဖြူဖွေး
  စားနပ်ရိက္ခာ ပြည့်ဝမ်းစာ
  သယ်ရာကူဆောင် ပေးသည်နှင့်လေး။

- နွေးထွေးကြင်နာမယှဉ်သာ ဘေးဘယာလွတ်စေရည်။
- မနေးလျင်စွာစဉ်မကွာ ကျေးရွာညီညွတ်သည်။ ။

**စန်းထက်(ဖန်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အီရန်ကိုကူညီနေသည့် နိုင်ငံများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သတိပေး



**ဝါရှင်တန် ဩဂုတ် ၂၀**

အီရန်နိုင်ငံကို အကူအညီများ ပေးနေသည့် မည်သည့်နိုင်ငံမဆို စီးပွားရေးအရ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ရင်ဆိုင်ရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့တွင် သတိပေးပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ငါးလကျော်ကြာ အီရန်စစ်ရေး ပဋိပက္ခ အဆုံးသတ်နိုင်ရေး အတွက် သံတမန်ရေးအရ ကြိုးပမ်းမှုများ မရေမရာဖြစ်နေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်နိုင်ငံကို ဘဏ္ဍာရေးအရ၊ စီးပွားရေးအရ ဆက်လက်အသက်ဆက်နိုင်ရန် အကူအညီများပေးနေသည့် မည်သည့်နိုင်ငံမဆိုစီးပွားရေးအရ ပြင်းထန်သော နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

သို့ရာတွင် အီရန်နိုင်ငံကို ကူညီနေသောနိုင်ငံများကို အမေရိကန်နိုင်ငံက မည်သို့တုံ့ပြန်အရေးယူမည်ကို သမ္မတ ဒေါ်နယ်ထရမ့်က အသေးစိတ် ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အရှေ့အလယ်ပိုင်း မဟာမိတ်နိုင်ငံဖြစ်သည့် ယူအေအီးနိုင်ငံကမူ အီရန်နိုင်ငံနှင့် ကုန်သွယ်ရေးဆက်ဆံမှု၊ စီးပွားရေး ဆက်ဆံမှုပုံစံအားလုံး ရပ်ဆိုင်းထားသည်ဟု ဩဂုတ် ၁၈ ရက်တွင် ကြေညာထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**ဆိုးလ် ဩဂုတ် ၂၀**

ယခုနှစ် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံကာလ အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့ကြား ထိပ်သီး ဆွေးနွေးပွဲကျင်းပရန် တရုတ်အစိုးရက စဉ်းစားနေကြောင်း ဩဂုတ် ၁၉ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နှင့် တောင်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ ကျင်းပရေးအတွက် တရုတ်နိုင်ငံက စဉ်းစားနေမှုကို တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးချိုဟွန်းနှင့် ဆိုးလ်မြို့၌ တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီသည် ဩဂုတ် ၁၉ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဟွန်းနှင့် ဆိုးလ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဩဂုတ် ၁၉ ရက် ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေး ဝန်ကြီးနှင့် တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍတွင်ပါဝင်ရန် တရုတ်နိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံစဉ် တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




# ကင်ညာမြောက်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျ အမေရိကန်နိုင်ငံသား ငါးဦးအပါအဝင် ခုနစ်ဦးသေဆုံး

**နိုင်ရိုဘီ ဩဂုတ် ၂၀**

ကင်ညာနိုင်ငံ ဆမ်ဘူရူခရိုင်၌ ဩဂုတ် ၁၉ ရက်က ရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ရာ အမေရိကန် နိုင်ငံသား ငါးဦးနှင့် အီကွေဒေါ ထောက်လှမ်းရေး အကြီးအကဲ အပါအဝင် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ကင်ညာနိုင်ငံ မြောက်ပိုင်းရှိ လွိုင်ဆာဘာ သစ်တောကြိုးဝိုင်း ဒေသသို့ ပျံသန်းနေစဉ် ဆမ်ဘူရူခရိုင်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် သေဆုံးသူများထဲတွင် အမေရိကန်နိုင်ငံသား ငါးဦးနှင့် အီကွေဒေါ ထောက်လှမ်းရေးအဖွဲ့အကြီးအကဲ မိုက်ကယ် ဆန်စီကွန်တူဂီလည်း ပါဝင်ကြောင်း အီကွေဒေါသမ္မတရုံးက အတည်ပြုထားသည်။

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့သူများထဲတွင် ရဟတ်ယာဉ်မှူးလည်း ပါဝင်ကြောင်း ကင်ညာအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့သည့် အမေရိကန် နိုင်ငံသားငါးဦးအနက် စတက်ဖနီ ဟော်လီဟန် အမည်ရှိ အမျိုးသမီးမှာ အီကွေဒေါ ထောက်လှမ်းရေး အကြီးအကဲ မိုက်ကယ်ဆန်စီကွန်တူဂီ၏ ဇနီးဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ရဟတ်ယာဉ် ပျက်ကျရခြင်း အကြောင်းရင်းကို ကင်ညာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂျပန်နိုင်ငံ၌ ရထားဝင်တိုက်မှုကြောင့် ဘူတာရုံအလုပ်သမား လေးဦးသေဆုံး

**တိုကျို ဩဂုတ် ၂၀**

ဂျပန်နိုင်ငံ၌ ယနေ့တွင် ရထားတစ်စီး ဝင်တိုက်မှုကြောင့် လူလေးဦး သေဆုံးခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက သတင်း ထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ရထားတိုက်မှုဖြစ်စဉ်သည် တိုကျိုမြို့မြောက်ဘက်ရှိ ကာနူမာဘူတာရုံ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ဂျပန်မီးသတ်ဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ရထားတိုက်မှုကြောင့် သေဆုံးသူများမှာ ဘူတာရုံအလုပ်သမားများဖြစ်ကြပြီး မီးရထားသံလမ်း တစ်လျှောက် ပေါင်းမြက်များကို ရှင်းလင်းနေစဉ် ရထားတိုက်ခံခဲ့ရခြင်းဖြစ်သည်။

ဘူတာရုံ ဝန်ထမ်းများကို ဝင်တိုက်ခဲ့သောရထားမှာ တိုကျိုမြို့နှင့်နစ်ကိုးမြို့တို့ကို ချိတ်ဆက်ပေးထားသည့် လမ်းကြောင်းပေါ်၌ ပြေးဆွဲနေသော ရထားဖြစ်သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်၌ ရထားလမ်း ဘေးအန္တရာယ်ကင်းရှင်းမှုမှတ်တမ်း အကောင်းဆုံး ကမ္ဘာ့နိုင်ငံများထဲတွင် ပါဝင်သည်။

အဆင့်မြင့် နည်းပညာများ အသုံးချမှု၊ ပြုပြင်ထိန်းသိမ်းရေးစနစ် အထူးကောင်းမွန်မှုတို့ကြောင့် ဂျပန်နိုင်ငံ၌ လူအသေအပျောက်ရှိသော ရထားတိုက်မှုများ၊ ရထားလမ်းချော်မှုများ အဖြစ်နည်းကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ လူအသေအပျောက်အများဆုံး ရထားမတော်တဆမှုမှာ ၂၀၀၅ ခုနှစ် ဧပြီလတွင် ရထားတစ်စီးလမ်းချော်၍ လူနေအဆောက်အအုံ တစ်လုံးကို ဝင်တိုက်မှုဖြစ်ပြီး ယင်းဖြစ်စဉ်အတွင်း လူ ၁၀၇ ဦး သေဆုံး၍ ဦးရေ ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရာဇဝတ်မှုခြောက်မျိုးအတွက် သေဒဏ်ချမှတ်မှု ဖျက်သိမ်းရန် ဗီယက်နမ်အစိုးရ အဆိုပြုထား




**ဟန်နွိုင်း ဩဂုတ် ၂၀**

မူးယစ်ဆေးဝါး မှောင်ခိုမှုနှင့် သက်ငယ်မုဒိမ်းမှုအပါအဝင် ရာဇဝတ်မှုခြောက်မျိုးအတွက် သေဒဏ်ချမှတ်မှုများကို ဖျက်သိမ်းရန် ဗီယက်နမ်အစိုးရက အဆိုပြုထားရာ ထိုအဆိုပြုချက်ကို ဗီယက်နမ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက ဗီယက်နမ်အမျိုးသားလွှတ်တော်သို့ ယနေ့တွင် တင်သွင်းထားကြောင်း နိုင်ငံပိုင်မီဒီယာများက သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ ရာဇသတ်ကြီးကျင့်ထုံးဥပဒေများ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ရာဇဝတ်မှု ခြောက်မျိုးအတွက် သေဒဏ်စီရင်ချက် ပြဋ္ဌာန်းမှုကို ဖျက်သိမ်းရန် ဗီယက်နမ်အစိုးရက စီစဉ်ထားသည်။

ဗီယက်နမ် ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသော အဆိုပြုချက်အရ နိုင်ငံတော်သစ္စာဖောက်မှု၊ လူသတ်မှု၊ အကြမ်းဖက်ဝါဒကျင့်သုံးမှု၊ တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများအတွက်သာ သေဒဏ်ချမှတ်မှုကို ကျင့်သုံးမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ဇူလိုင်လကလည်း အလွဲသုံးစားပြုလုပ်မှု၊ အစိုးရကိုဖြုတ်ချရန် ရည်ရွယ်ကြိုးပမ်းမှုများ အပါအဝင် ရာဇဝတ်မှု ရှစ်မျိုးအတွက် သေဒဏ်ချမှတ်မှုများကို ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်သည်။

ဗီယက်နမ်အစိုးရတင်သွင်းထားသည့်အဆိုပြုချက်အရ သေဒဏ်မှ ကင်းလွတ်ခွင့်ပေးမည့် ရာဇဝတ်မှုများထဲတွင် ဆူပူမှုဖြစ်ပွားစေရန် လှုံ့ဆော်မှု၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်မှု၊ စစ်ရာဇဝတ်မှုကျူးလွန်မှုတို့ ပါဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နာဆာနှင့်ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူးနှစ်ဦးတို့က နိုင်ငံတကာအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်



ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူး အန်နီးလ်မီနွန်နှင့် ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီနော့တို့သည် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးသည် နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ချို့ယွင်းနေသော ဆက်သွယ်ရေးအင်တာနာစနစ်ကို ဖယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် အချိန်မလုံလောက်မှုကြောင့် ၎င်းအာကာသယာဉ်မှူး နှစ်ဦးအနေဖြင့် ဆက်သွယ်ရေး အင်တာနာစနစ်သစ်ကို တပ်ဆင်ပေးနိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူးများအနေဖြင့် ဆက်သွယ်ရေးအင်တာနာသစ်ကို တပ်ဆင်နိုင်ရေးအတွက် အာကာသစခန်းပြင်ပသို့ ထပ်မံထွက်ခွာရန်လိုအပ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အာကာသယာဉ်မှူး အန်နီးလ်မီနွန်နှင့် ဆိုဖီအဒီနော့တို့၏ နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ၆ နာရီနှင့် ၂၃ မိနစ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဩဂုတ် ၁၈ ရက် အာကာသစခန်း ပြင်ပထွက်ခွာမှု မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်းယာဉ် အာကာသယာဉ်မှူးများ၏ ၂၈၂ ကြိမ်မြောက် အာကာသစခန်းပြင်ပ ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# သွေးအတွင်း ဓာတုပစ္စည်းတစ်မျိုးပါဝင်မှု အဆင့်မြင့်မားသူ ကိုယ်ဝန်ဆောင်များ၌ သွေးဖိအားအဆင့် ပုံမှန်ထက်မြင့်မားနေတတ်

နယူးယောက် ဩဂုတ် ၂၀

သွေးအတွင်း Phthalates ခေါ် ဓာတုပစ္စည်းတစ်မျိုးပါဝင်မှု အဆင့်မြင့်မားသူ ကိုယ်ဝန်ဆောင်များ၌ သွေးဖိအားအဆင့် ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရေမွှေး၊ ပလတ်စတစ်နှင့် ထုပ်ပိုးပစ္စည်းများတွင် ပါဝင်သော Phthalates ဓာတုပစ္စည်းသည် ကိုယ်ဝန်ဆောင် ကာလအတွင်း သွေးဖိအားပုံမှန်ထက် မြင့်တက်လာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင် အမျိုးသမီး ၃၃၈ ဦးတို့၏ ကိုယ်ဝန်ဆောင်သီတင်းပတ် ၁၁ ပတ်၊ ၁၉ ပတ်နှင့် ၂၆ ပတ်ကာလများ၌ သွေးတွင်းဓာတုပစ္စည်းများ ပါဝင်မှုအတိုင်းအဆကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သွေးတွင်း Phthalates ဓာတုပစ္စည်းပါဝင်မှု အဆင့်မြင့်မားသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ သွေးဖိအားပုံမှန်ထက် ၁၃ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်ကာလအတွင်း အဆိုပါ ဓာတုပစ္စည်းများနှင့် ထိတွေ့မှုကို လျှော့ချနိုင်ပါက သွေးဖိအားမြင့်တက်လာနိုင်မှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

# မိုင်ပေါင်း တစ်ထရီလီယံကျော် ရှည်လျားသည့် ဓာတ်ငွေ့စီးကြောင်းတစ်ခုကြောင့် သုံးစင်းတွဲကြယ်စနစ် ဂြိုဟ်ဖွဲ့တိမ်တိုက်ချပ်ဝန်းလွှာ ပတ်လမ်းချိန်သားလွဲခဲ့ရ

ဝါရှင်တန် ဩဂုတ် ၂၀

မိုင်ပေါင်း တစ်ထရီလီယံကျော် ရှည်လျားသည့် ဓာတ်ငွေ့စီးကြောင်း တစ်ခုကြောင့် သုံးစင်းတွဲကြယ်စနစ်တစ်ခု ပတ်ပတ်လည်ရှိ ဂြိုဟ်ဖွဲ့တိမ်တိုက် ချပ်ဝန်းလွှာမှာ ပတ်လမ်းချိန်သား လွဲခဲ့ရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



အဆိုပါဖြစ်စဉ်ကို အမေရိကန် သိပ္ပံပညာရှင်များက ချီလီနိုင်ငံ အခြေစိုက် အယ်လ်မာရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

GW Orionis အမည်ရှိ အထက်ပါ သုံးစင်းတွဲကြယ်စနစ်သည် အိုရီယွန် နက္ခတ်တာရာနယ်မြေ အတွင်းတည်ရှိပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၃၀၀ ကွာဝေးသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GW Orionis အမည်ရှိ အထက်ပါသုံးစင်းတွဲကြယ်စနစ်၏ အတွင်းပိုင်း၊ အလယ်ပိုင်းနှင့် အပြင်ပိုင်း ဂြိုဟ်ဖွဲ့ချပ်ဝန်းလွှာများမှာ ဒီဂရီအမျိုးမျိုးဖြင့် ပတ်လမ်းချိန်သားလွဲနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အယ်လ်မာရေဒီယိုတယ်လီစကုပ်မှရရှိသော သတင်းအချက်အလက်များအရ GW Orionis ကြယ်စနစ်ဂြိုဟ်ဖွဲ့တိမ်တိုက်ချပ်ဝန်းလွှာများသည် မိုင်ပေါင်း တစ်ထရီလီယံကျော် ရှည်လျားသော ဓာတ်ငွေ့စီးကြောင်းတစ်ခု၏ ရိုက်ခတ်မှုကြောင့် ပတ်လမ်းချိန်သားလွဲနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ဓာတ်ငွေ့စီးကြောင်းကို ဟိုက်ဒရိုဂျင် ဓာတ်ငွေ့မော်လီကျူးများဖြင့် ဖွဲ့စည်းထားကြောင်း အမေရိကန် သိပ္ပံပညာရှင်များကပြောကြားသည်။

Ref : Sputnik News
Trs : KKO

# ခရမ်းချဉ်သီးနေ့စဉ်စားသုံးပါက အသည်းအဆီဖုံးရောဂါကို ကာကွယ်နိုင်ဖွယ်ရှိ

ရောမ ဩဂုတ် ၂၀

ခရမ်းချဉ်သီး နေ့စဉ်စားသုံးပါက အသည်းအဆီဖုံးရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အရက်သောက်သုံးမှုနှင့် မသက်ဆိုင်သည့် အသည်းအဆီဖုံး ရောဂါ(MASLD)သည် အရွယ်ရောက်သူသုံးပုံတစ်ပုံခန့် ရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာ တစ်မျိုးဖြစ်ပြီး အဝလွန်မှု၊ သွေးအတွင်း ကိုလက်စထရောပါဝင်မှု အဆင့်မြင့်မားမှု၊ ပုံစံ-၂ ဆီးချိုရောဂါတို့နှင့် ဆက်စပ်နေသည့် အသည်းရောဂါ ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အီတလီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခရမ်းချဉ်သီးနေ့စဉ်စားသုံးပါက အသည်းအဆီဖုံးရောဂါ ဖြစ်ပွားမှုကို ကာကွယ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်ချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ခရမ်းချဉ်သီးကို တစ်ရက်လျှင် ဂရမ် ၂၀၀ ထိ စားသုံးပေးပါက အသည်းအဆီဖုံးမှုနှုန်းကို ၁၁ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း၊ ခရမ်းချဉ်သီးတွင် ပါဝင်သော ရောင်ရမ်းမှု တိုက်ဖျက်ရေးဂုဏ်သတ္တိရှိသည့် ဓာတုဒြပ်ပေါင်းများသည် အသည်းအဆီဖုံးမှုနှုန်း ကျဆင်းလာမှုနှင့် ဆက်စပ်နေဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလများပေါ်မှ ကျောက်သားနမူနာများရယူရေးအတွက် MMX အာကာသယာဉ်လွှတ်တင်ရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်ထား

တိုကျို ဩဂုတ် ၂၀

အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလများပေါ်မှ ကျောက်သားနမူနာများ ရယူရေးအတွက် အာကာသမစ်ရှင် တစ်ခုအဖြစ် MMX အမည်ရှိ အာကာသယာဉ်ကို လွှတ်တင်ရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်ထားကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

MMX အမည်ရှိ အဆိုပါ အာကာသယာဉ်ကို လာမည့်လများအတွင်း တာနီဂါရှီးမား အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

MMX အာကာသယာဉ် လွှတ်တင်ပြီးချိန်တွင် အဆိုပါ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို သုံးနှစ်ကြာ လှည့်ပတ်ပျံသန်း၍ နောက်ပိုင်းတွင် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလ တစ်စင်းဖြစ်သည့် ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်သို့ ဆင်းသက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MMXအာကာသယာဉ်သည် ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပါက MMX အာကာသယာဉ်သည် ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်မှကျောက်သားနမူနာအနည်းဆုံး ၁၀ ဂရမ်ထိ ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

MMX အာကာသယာဉ်သည် ဖိုးဘော့စ်ဂြိုဟ်ရံလကျောက်သားနမူနာများကို ကမ္ဘာဂြိုဟ်ပေါ်သို့ ပြန်မပို့မီ အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလဖြစ်သည့် ဒီးမော့စ်ဂြိုဟ်ရံလကိုလည်း လေ့လာရန်စီစဉ်ထားကြောင်း သိရသည်။

MMX မစ်ရှင်သည် နေအဖွဲ့အစည်း၏ မူလအစနှင့် ကမ္ဘာပေါ်၌ သက်ရှိများစတင်ပေါ်ထွက်လာပုံကို လေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၃)

In his opening remarks, the Chief of Defence Forces of the Royal Thai Armed Forces notes that this meeting serves as the highest-level mechanism for cooperation between the two armed forces and plays a vital role in practically solidifying their friendship and close relations. He adds that it is conducted with the shared objectives of maintaining peace, stability, and security in the border areas of both countries, as well as enabling the citizens of both nations to enjoy better lives, prosperity, and sustainable development. He therefore emphasizes his firm belief that the close relationship between the two armed forces, built on understanding, trust, and cooperation, will overcome all challenges and difficulties together.

He states that through the strong commitment and determination of both armed forces, today's meeting is successfully held, expressing confidence that all joint objectives will be fully realized. He notes that the practical measures presented for strengthening relations and cooperation will contribute to security, safety, and mutual understanding, paving the way toward closer cooperation across various fields in the future. He reaffirms that the commitments made by former Chiefs of Defence Forces of the Royal Thai Armed Forces for the security and prosperity of both nations and their peoples will be upheld, emphasizing that these commitments will endure to maintain cooperation and further deepen sustainable, close relations between the two armed forces.

General Ye Win Oo then delivers his opening remarks, stating that the HLC meeting is held with key objectives: to enhance cooperation between the two armed forces, establish guidelines for military collaboration in addressing border security issues, and consult on continuing the work of Regional Border Committees (RBC) and Township Border Committees (TBC). He adds that it also aims to maintain and promote stability, peace, and socio-economic development for citizens of both countries living along the Myanmar-Thailand border, as well as make necessary arrangements to resolve border security issues and other challenges. He notes that meetings are held regularly to build deeper mutual trust, understanding, and cooperation between the two armed forces, highlighting that the 38th Regional Border Committee Meeting (38th RBC) was successfully hosted by Myanmar in Kengtung from June 29 to July 1. He further emphasizes that regular talks, meetings, and exchange visits are conducted between the respective Navies and Air Forces, which successfully strengthens cooperation between the two armed forces.

The High-Level Committee (HLC) meeting between the two armed forces is expected to further solidify mutual understanding, trust, and friendship between the Myanmar and Thai militaries. It is fully believed that the discussions will contribute to stronger and more robust relations, with a commitment to continuously improve cooperation and collaboration between the two sides.

The HLC meeting serves as a platform for open and transparent dialogue between the Myanmar and Thai armed forces on matters of mutual benefit, including the socio-economic development, stability, and security of the peoples of both nations. Through this meeting, it is strongly believed that invaluable benefits will be realized in shaping peace, security and development in the border regions of the two countries.

*See Page 15*

# Commander-in-Chief of Royal Thai Armed Forces hosts dinner in honor of Myanmar Tatmadaw delegation led by Commander-in-Chief of Defence Services General Ye Win Oo

**Nay Pyi Taw August 20**

Commander-in-Chief of Royal Thai Armed Forces General Ukris Boontanondha hosted a dinner in honor of the Myanmar Tatmadaw delegation led by Commander-in-Chief of Defence Services General Ye Win Oo, which attended the 9th Thailand-Myanmar High Level Committee Meeting, this evening.

Also present together with the Commander-in-Chief of Defence Services were his wife Daw Nilar, Chief of General Staff (Army, Navy and Air) General Ko Ko Oo and his wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives, Myanmar Military Attache (Army, Navy and Air) Brig-Gen Win Thu Lin and his wife and the Commander-in-Chief of Royal Thai Armed Forces was accompanied by his wife Mrs. Raveena Boontanondha and senior officers of Royal Thai Armed Forces and their wives.

First, the Commander-in-Chief of Defence Services and his wife were greeted by the Commander-in-Chief of Royal Thai Armed Forces and his wife. Then, the Commanders-in-Chief of the two armed forces extended greetings. Afterward, while they were enjoying the dinner together, cultural troupes of Royal Thai Armed Forces entertained them with songs, traditional puppet shows and dances.

After the dinner, the Commander-in-Chief of Defence Services and his wife and the Commander-in-Chief of Royal Thai Armed Forces and his wife exchanged gifts.

Then, the two Commanders-in-Chief and their wives presented cash awards and honorary flower baskets to the artists, who performed musics and dances, before posing for documentary photographs. 100



**General Ye Win Oo extends greetings at the dinner.**

# Tatmadaw columns apprehend 23 online fraud and gambling perpetrators along with equipment in Kehsi Township, Southern Shan State



**Ten illegal Chinese nationals arrested for online fraud and gambling operations, along with seized related equipment, in Kehsi Township, Southern Shan State.**



**Equipment and accessories used in operating online fraud and gambling activities.**

**Nay Pyi Taw August 20**

As online fraud and online gambling scams threaten global socioeconomic stability and national security, the Government is actively combating them as a national task. Authorities are effectively uncovering and cracking down on operations based in border areas while taking stringent legal actions against domestic offenders. As part of these stepped-up efforts, military columns successfully uncovered and arrested 23 individuals engaged in online fraud and gambling, along with their related equipment, in Kehsi Township, Southern Shan State.

Acting on tip-offs from responsible local citizens that individuals involved in online fraud and gambling were hiding and operating out of temporary makeshift shelters in Kehsi Township, military columns conducted step-by-step intelligence follow-ups and security operations. This morning, at a location approximately 9,900 meters north of Wan Hpun Village and 2,900 meters northeast of Ponelong Village in Kehsi Township, security forces arrested 10 Chinese male nationals who had crossed into Myanmar illegally to run online fraud and gambling operations. Seized items used in their illicit operations included one 40-by-20-foot temporary tarpaulin living shelter, one 60-by-20-foot temporary tarpaulin living shelter, one 50-by-10-foot temporary tarpaulin workshop shelter, one 40-by-20-foot temporary tarpaulin kitchen shelter, four Starlink sets, 26 assorted mobile phones, two tablets, one laptop, eight network switch boxes, 12 Wi-Fi routers, four POS payment terminals, one large power generator, two refrigerators, and related accessories.

Military columns subsequently conducted systematic area clearance operations in surrounding areas to ensure no further scam operations remained. They apprehended another six illegal Chinese male nationals engaging in online scams roughly 3,000 meters northwest of Ponelong Village, and an additional seven illegal Chinese male nationals roughly 3,900 meters north of Ponelong Village. In total, 23 Chinese male nationals engaged in online fraud and gambling operations were arrested.

Following standard investigation procedures, the arrested perpetrators will face decisive and stern legal action in accordance with existing laws, and the confiscated operational equipment will be processed according to official protocols. Furthermore, the illegally constructed living and work shelters will be systematically dismantled and destroyed. Crackdown operations will continue actively at full momentum with a focused commitment to completely eradicate online fraud and gambling bases. 100

---

*From Page 14*

Following the opening remarks, the outcomes of the 38th Regional Border Committee Meeting were presented by Major General Narongrit Panigabutr, Deputy Commander of the Royal Thai Army's 3rd Army Area. Additionally, issues successfully discussed at the Joint Secretary Meeting (JSM) were briefed by Lieutenant General Chumphot Nurakkate, Joint Secretary of the HLC and Director-General of Border Affairs.

Subsequently, the co-chairmen of the Thailand-Myanmar High-Level Committee Meeting—the Commander-in-Chief of the Defence Services of Myanmar and the Commander-in-Chief of the Royal Thai Armed Forces—ratified the matters deliberated during the session.

The meeting was concluded with closing addresses delivered by both Commanders-in-Chief, followed by the signing and exchange of agreements from the 9th Thailand-Myanmar High-Level Committee Meeting. Commemorative plaques were also exchanged, and the Royal Thai Armed Forces Commander-in-Chief presented two air quality measurement devices to the Myanmar Commander-in-Chief. The event culminated in a group photo session with all attendees.

The Joint Secretary Meeting for the 9th Thailand-Myanmar High-Level Committee Meeting was held in Bangkok from August 16 to 19. Key areas of cooperation discussed included mutual exchange of goodwill visits, joint military meetings, agricultural collaboration, education and training cooperation, counter-terrorism efforts, military cultural exchanges, military medical cooperation, humanitarian assistance and disaster relief, border stability and law enforcement, drug prevention and control, cybercrime combat, people-centric initiatives, maritime security and safety enhancement, cross-border forest fire and haze prevention, flood early warning systems and remote monitoring stations, and joint efforts to combat water pollution in border rivers. The 10th Myanmar-Thailand High-Level Committee Meeting is scheduled to be hosted by Myanmar in 2027.

100

---

# Israel admits killing five-year-old Hind Rajab but clears troops over aid worker deaths

**Jerusalem August 20**

Israel has acknowledged that its troops killed Hind Rajab, a five-year-old Palestinian girl, and opened a criminal investigation into the incident. At the same time, it has refused to pursue a probe into the death of seven World Central Kitchen aid workers in a separate attack.

Both incidents occurred in 2024 and prompted international outrage over the conduct of Israeli forces, making them among the most notorious civilian casualties of the Gaza war.

The contrasting decisions have triggered outrage over Australian citizen Zomi Frankcom, who was among the seven slain aid workers. Canberra summoned Israeli Ambassador Hillel Newman on Thursday, with Australian Foreign Minister Penny Wong demanding accountability.

Five-year-old Hind Rajab was fleeing Gaza City's Tel al-Hawa neighborhood with relatives in January 2024 when their car came under heavy Israeli fire. Independent investigators later found hundreds of bullet impacts and estimated that an Israeli tank had been only meters away and would have easily identified the car passengers as civilians.

Hind survived the initial attack and spent hours trapped inside the car alongside her dead relatives, pleading with Palestinian Red Crescent dispatchers by phone to rescue her. An ambulance sent to reach her after coordinating its movement with the Israeli military was subsequently shelled, killing two paramedics. RT




**Protester holds photo of Hind Rajab, five-year old Palestinian girl who was killed by Israeli forces in Gaza in 2024.**

☆ ကျောဖုံးမှအဆက်

မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ် နိုင်ငံ သံအမတ်ကြီးနှင့် ဘယ်လာရုစ်အစိုးရ အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် နာယကနှင့်အဖွဲ့ ဝင်များ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် များ တက်ရောက်ကြသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ တွင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်သမ္မတနိုင်ငံမှနွေးထွေးစွာကြိုဆို ပါကြောင်း၊ ယနေ့ကျင်းပသည့် ဘယ်လာရုစ်-မြန်မာစီးပွားရေးဖိုရမ်ကို ဖွင့်လှစ်ပေးရသည့် အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါ ကြောင်းနှင့် ယခုဖိုရမ်သည် နှစ်နိုင်ငံဆက်ဆံ ရေး၏ ကောင်းမွန်သောတိုးတက်မှုအရှိန် အဟုန်ကို ထင်ရှားစွာသက်သေပြနေခြင်းပင် ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်းချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက် ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ရင်းနှီး မြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုအရှိန် အဟုန်မြှင့်တင်တိုးတက်စေရေး ဆောင်ရွက် သွားမည့်အခြေအနေများ၊ စက်မှုကုန်ထုတ် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွား မည့်အခြေအနေများ၊ အထည်အလိပ်နှင့် လူသုံးကုန်စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် အစား အသောက်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါး ထုတ်လုပ်မှုကဏ္ဍ၊ အဆင့်မြင့်နည်းပညာသိပ္ပံ နှင့် လူ့စွမ်းအားအရင်းအမြစ်လေ့ကျင့် ပျိုးထောင်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုများ အတွက် တားဆီးကန့်သတ်ချက်မရှိသော ဥပဒေရေးရာပတ်ဝန်းကျင်နှင့် ဘဏ္ဍာရေး၊ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖန်တီးခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင် ရွက်မှုများ တိုးမြှင့်သွားမည့်အခြေအနေများ နှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်း ပြောကြားဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြော ကြားရာတွင် ယနေ့ကမ္ဘာ့စီးပွားရေးသည် လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိပြီး နိုင်ငံများအနေဖြင့် မိမိတို့၏စီးပွားရေး အင်အားကိုမြှင့်တင်ရန်အတွက် အပြန်အလှန် အကျိုးရှိစေမည့် မဟာဗျူဟာမြောက်စီးပွား ရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတည် ဆောက်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်း များအကြား B to B ပူးပေါင်းဆောင်ရွက် မှုများတိုးမြှင့်ခြင်း၊ ပူးတွဲစီးပွားရေးစီမံကိန်း များဖော်ဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်နှင့် အခွင့်အလမ်း များ အပြန်အလှန်မျှဝေခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို အပြန်အလှန်ဆွေးနွေးဖြေရှင်းခြင်းတို့သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း။

ယနေ့ဖိုရမ်သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုကိုအခြေခံပြီး စီးပွားရေး၊ရင်းနှီးမြှုပ်နှံ မှုနှင့်ကုန်သွယ်မှုဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်း စေရန်အတွက် အလွန်အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း။




ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကား ပြောကြားစဉ်။

## မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေး

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ သည် တည်နေရာအရအလှမ်းဝေးကွာသော် လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေစစ်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလမှစပြီး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ ၂၆ နှစ်ရှိခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် သိသာစွာတိုးတက်လာသည်ကို အထင်အရှား တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် “အနီးကပ်ဆုံးအဆင့်”နှင့်“အမြင့်ဆုံးအဆင့်” ရောက်ရှိလာပြီး ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုလည်း မြန်မာသံရုံးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်း သည် သိသာထင်ရှားသည့်မှတ်တိုင်တစ်ရပ် ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံ ရေးသာမက နိုင်ငံတကာမျက်နှာစာတွင် လည်း စိန်ခေါ်မှုများရှိသည့်ကာလ၌ပင် ခိုင်မာ စွာ အတူယှဉ်တွဲရပ်တည်ပြီး ပံ့ပိုးကူညီမှုများ ကို အစဉ်တစိုက်ပေးအပ်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို ပြောကြား လိုကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာ့ပထဝီနိုင်ငံရေး နှင့် ပထဝီစီးပွားရေးစိန်ခေါ်မှုများမြင့်မားနေ သည့်ကာလအတွင်း၌ပင် မြန်မာ-ဘယ်လာ ရုစ်နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန် ယုံကြည်မှုတို့ဖြင့် ပိုမိုအားကောင်းခိုင်မာစွာ တိုးမြှင့်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အနာဂတ်တွင်လည်း ယခုထက်ပိုမိုတိုးတက် အောင် မြှင့်တင်ဆောင်ရွက်ရန်အတွက် မိမိ တို့အနေဖြင့် ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်ထား ကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီး မှုသမိုင်းကောင်းကိုအခြေခံပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မဟာဗျူဟာမြောက် တိုးမြှင့် အကောင်အထည်ဖော်ရမည့်အချိန် ကိုရောက်ရှိနေပြီဖြစ်ကြောင်း။

## နှစ်နိုင်ငံစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ကိုမြှင့်တင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုသည် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံ မှုများသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာ နိုင်ငံအထူးစီးပွားရေးဇုန် ဥပဒေတို့နှင့်အညီ အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ပြင် မဟာ ဗျူဟာမြောက်မိတ်ဖက်နိုင်ငံများနှင့် စီးပွား ရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံစီးပွားရေး ဆိုင်ရာနားလည်မှုစာချွန်လွှာများ၊သဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးဆောင်ရွက် လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူ စာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လက်ရှိကာလ တွင်လည်း မိမိတို့အနေဖြင့် နှစ်နိုင်ငံစီးပွား ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင် ရန်အတွက် အလွန်အရေးပါသည့်လုပ်ငန်းစဉ် များကို အလေးထားဆောင်ရွက်လျက် ရှိကြောင်း။

အထူးသဖြင့် မြန်မာနှင့်ဘယ်လာရုစ်နိုင်ငံ တို့အကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန် အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ် ကြောင်း၊ ထို့ပြင် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ အကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အပြန်အလှန် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင် ရေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ နှစ်နိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို အထောက်အကူပြုစေမည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက် မှုနားလည်မှုစာချွန်လွှာများ၊ အကောက် အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန် လွှာများ၊ ပို့ကုန်ချေးငွေမှုဘောင်သဘော တူညီချက်များအပါအဝင် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီ ချက်/စာချွန်လွှာများကို လက်မှတ်ရေးထိုး ထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံအကြား ရင်းနှီး မြှုပ်နှံမှုအပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာ မြောက်တိုးမြှင့်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကိုလည်း ရေးဆွဲအတည်ပြု လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အဆိုပါ လမ်းပြမြေပုံထဲတွင် ရင်းနှီးမြှုပ်နှံမှု၊ကုန်သွယ် မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် မည့်အစီအစဉ်များအပြင် စက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းစသည့်ကဏ္ဍစုံတွင် လက်တွဲ ဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များ လည်း ပါဝင်ကြောင်း။

ထို့ကြောင့် မိမိတို့၏ပူးပေါင်းဆောင်ရွက် မှုသည် တိကျသည့်အချိန်ဇယားနှင့် ရည်မှန်း ချက်များအပေါ် အခြေခံကြောင်းပြသနေပြီး နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုမြှင့်တင်ရန် အတွက် အရေးကြီးသည့် ခြေလှမ်းသစ်ဖြစ် လာမည်ဟုယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ အတွင်း၌လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရာ တွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲ ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ သာမက မူပိုင်ခွင့်ဥပဒေ လေးရပ်ကို အပြည့် အဝ အကောင်အထည်ဖော်နေပြီဖြစ်သည့် အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ဖန်တီးထုတ်လုပ်သည့် ထုတ်ကုန်များအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်များပါရရှိပြီဖြစ်ကြောင်း။

## မြန်မာနိုင်ငံ၏ဈေးကွက်အခြေအနေနှင့် လူသားအရင်းအမြစ်

မြန်မာနိုင်ငံ၏ နေပြည်တော်မြို့မှဗဟို ပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သည့် လေးဘီလီယံကျော်သည် စက်ဝိုင်းထဲကိုဝင်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး ဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေပြီး အရှေ့တောင်အာရှ နှင့်အာရှဈေးကွက်နှစ်ခုကို ဆက်သွယ်ထား သည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ အိန္ဒိယ သမုဒ္ဒရာကိုမျက်နှာမူထားသည့် နိုင်ငံလည်း ဖြစ်ကြောင်း။

ထို့ပြင် ဒေသတွင်းဆက်သွယ်မှုလမ်း ကြောင်းများဖြစ်သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အာဆီယံ အဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ၊ တရုတ်-မြန်မာ စီးပွားရေး စင်္ကြံတို့၏ အလယ်ဗဟိုတွင်တည်ရှိနေ ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေမှာ ၅၁ သန်း ရှိပြီး လုပ်ငန်းခွင်ဝင်နိုင်သူ ၆၇ ရာခိုင်နှုန်းရှိ ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် မြို့ပြနေထိုင်သူများဖြစ်ပြီး ကျန် ၇၀ ရာခိုင်နှုန်း သည် ကျေးလက်တွင်နေထိုင်ကြကြောင်း၊ ကျေးလက်နေလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့် သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ရေထွက်ကုန်လုပ်ငန်းများကို အခြေခံသည့် စီးပွားရေးကို လုပ်ကိုင်ဆောင်ရွက် ကြကြောင်း။

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကိုတိုးမြှင့်နိုင်ရန် ဘယ်လာရုစ် လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံ၏စီးပွား ရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေး ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင် အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ် ပေးနိုင်သောနေရာတွင် တည်ရှိကြောင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် မဟာဗျူဟာ ရေးရာများတွင် တည်နေရာအရ အချက်အချာ ကျပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာ များစွာရှိသကဲ့သို့သဘာဝအရင်းအမြစ်လည်း ကြွယ်ဝကြောင်း၊ပူအိုက်စွတ်စိုသည့် ရာသီဥတု ရှိခြင်းကြောင့် ၁၂ လရာသီပတ်လုံးစိုက်ပျိုး ရေးနှင့် မွေးမြူရေးကိုဆောင်ရွက်နိုင်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မွေးမြူရေးနည်းပညာ မြင့်မားသည့်နိုင်ငံဖြစ်ခြင်းကြောင့် ကြက်၊ ဝက်၊ နွား မွေးမြူရေးများ လာရောက်ရင်းနှီး မြှုပ်နှံဆောင်ရွက်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားအာရှဒေသများကို တင်ပို့ရောင်းချနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်အောင် မူဝါဒချမှတ်အကောင် အထည်ဖော်ရာတွင် မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာအားသာချက်များကို အခြေပြုပြီး စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှု နိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်နေကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ စိုက်ပျိုးရေးနည်းပညာ များ၊ ဓာတ်မြေဩဇာ၊ လယ်ယာသုံးစက်ပစ္စည်း များသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံ၏ လယ်ယာ ကဏ္ဍကို Smart Agriculture စနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရန်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေ ဖြင့် လယ်ယာစိုက်ပျိုးမှု(Farming)မှသည် စားသောက်ကုန်ထုတ်လုပ်မှု(Food Processing) လုပ်ငန်းများထိ နည်းပညာနှင့် ရင်းနှီး မြှုပ်နှံမှုများပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ် လိုကြောင်း။

ထို့ပြင် ဘယ်လာရုစ်၏ အရည်အသွေး မြင့်လယ်ယာသုံးစက်ပစ္စည်းများ၊ စက်ယန္တရား များနှင့် စက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းအသုံးပြုနိုင်မည့် အလားအလာ များရှိပြီး မြန်မာနိုင်ငံတွင် ပူးပေါင်းထုတ်လုပ် ရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုများဖိတ် ခေါ်လိုကြောင်း၊ နောက်ထပ်အခွင့်အလမ်း




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin တို့ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာကြည့်ရှုစဉ်။

တစ်ခုအနေဖြင့် လူသုံးကုန်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်ရန်အားပေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အဆွေတော်တို့အနေဖြင့် အဆိုပါလုပ်ငန်းများတွင်လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိကြောင်း။

ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်မီသိုလှောင်ရုံများ၊ အအေးခန်းသိုလှောင်ရုံများ၊ ကုန်စည်ပို့ဆောင်ရေး အခြေခံအဆောက်အအုံများကဲ့သို့ စီးပွားရေးစီမံကိန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်း။

ထို့အတူ အစိုးရအနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးဖိတ်ခေါ်လျက်ရှိပြီး အထူးသဖြင့် ရေအားလျှပ်စစ်၊နေရောင်ခြည်စွမ်းအင်၊လေစွမ်းအင်၊ဇီဝစွမ်းအင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကိုအားပေးဖိတ်ခေါ်နေကြောင်း၊ ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံသည် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်စသည့် မြစ်ကြီး လေးစင်းအပြင် မြစ်ချောင်းပေါင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ် မိုးရေချိန် ၂၀၀၀-၅၀၀၀ မီလီမီတာ ရွာသွန်းခြင်းကြောင့် ရေအားလျှပ်စစ်ကို ၁၀၀ ဂစ်ဂါဝပ်ထိ ထုတ်လုပ်နိုင်စွမ်းရှိပြီး ၄၀-၅၀ ဂစ်ဂါဝပ်ထိ စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း၊ထို့ပြင် အပူပိုင်းဒေသနေရောင်ခြည်ခါးပတ်ကွင်းအတွင်းတွင်ရှိသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်ကိုနှစ်စဉ် ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီထိ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း။

မြန်မာနိုင်ငံ၏ တီကျစ်ဒေသ၊ နမ်းမားဒေသနှင့် မော်လိုက်ဒေသများသည်လည်း ကျောက်မီးသွေးများ ထွက်ရှိရာဒေသများဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့်အဆင့်မြင့်နည်းပညာများအသုံးပြုပြီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုလည်းတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး ဆောင်ရွက်နိုင်

**ဘယ်လာရုစ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အာဆီယံဒေသနှင့် အာရှတိုက်၏ဈေးကွက်ကို ချိတ်ဆက်နိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံ၏ထုတ်ကုန်များသည်လည်း ဘယ်လာရုစ်နိုင်ငံမှတစ်ဆင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ ကြီးမားသောဈေးကွက်ကို တံခါးဖွင့်ဝင်ရောက်နိုင်မည့် Win-Win အခြေအနေကို ဖန်တီးနိုင်မည်ဖြစ် . . .**

**ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်နိုင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်စေရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည် . . .**

ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတွင် ဘယ်လာရုစ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ပိုမိုကောင်းမွန်လာစေရန်နှင့် နည်းပညာဝန်ဆောင်မှုတိုးတက်လာစေရန်အတွက် ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် နည်းပညာနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်း၊ ထိုအတွက်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိသည့် ပြင်ဦးလွင်အနီးဧရိယာ ၄၀၄၇ ဟက်တာ ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး ဖွင့်လှစ်ထားရှိပြီး ရာသီမရွေးသွားလာနိုင်သော ကားလမ်းများနှင့် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီလေဆိပ်လည်း ဖွင့်လှစ်ထားပြီးဖြစ်ခြင်းကြောင့် ပြည်ပခရီးစဉ်များလွယ်ကူချောမွေ့စွာသွားလာနိုင်ကြောင်း။

ထို့ကြောင့် အစိုးရဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးတို့တွင် ဘယ်လာရုစ်နိုင်ငံမှ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း။

အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အားသာချက်ကိုမူတည်ပြီး စက်မှုဇုန်များ၊အထူးစီးပွားရေးဇုန်များသာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်ပြီး အဆွေတော်တို့ သိကြသည့်အတိုင်း မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် သုံးခုရှိကြောင်း။

ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ရန်ကုန်မြို့အနီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ သယ်ယူပို့ဆောင်ရေးအားသာချက်ရှိသည့်အပြင် အခြေခံအဆောက်အအုံပြည့်စုံသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်မှုဖြစ်ကြောင်းလည်း ပြောကြားလိုကြောင်း၊ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပူးပေါင်းပြီး စတင်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်တွင်လည်း ဘယ်လာရုစ်နိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်းများဖြစ်သည့် တာယာနှင့် အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အကြီးစားကုန်တင်ယာဉ်များ ထုတ်လုပ်ခြင်းကိုဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း သတ္တုတူးဖော်သန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ဖိတ်ခေါ်လိုသည့်အပြင် အဆိုပါဒေသသည် ခရီးသွားလုပ်ငန်းအတွက် သင့်လျော်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ရှိသည့်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

### စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းနိုင်မှု

ဘယ်လာရုစ်နိုင်ငံသည် Eurasian Economic Union (EAEU) အဖွဲ့ဝင် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ အာဆီယံနှင့် EAEUတို့ကြား ပူးပေါင်းဆောင်ရွက်မှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် EAEU တို့ကြား ပူးပေါင်းဆောင်ရွက်မှုစတင်နိုင်ရေးနားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း။

ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ASEAN +1 FTA များနှင့် RCEP အရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများ၏ဈေးကွက်များကို ဝင်ရောက်ခွင့်ရရှိပြီး မြန်မာနိုင်ငံမှ တင်ပို့မှုများအပေါ် အခွန်သက်သာခွင့်၊ကင်းလွတ်ခွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ဘယ်လာရုစ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အာဆီယံဒေသနှင့် အာရှတိုက်၏ဈေးကွက်ကို ချိတ်ဆက်နိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံ၏ထုတ်ကုန်များသည်လည်း ဘယ်လာရုစ်နိုင်ငံမှတစ်ဆင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ ကြီးမားသောဈေးကွက်ကို တံခါးဖွင့်ဝင်ရောက်နိုင်မည့် Win-Win အခြေအနေကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ နှစ်နိုင်ငံသည် အာရှနှင့် ဥရောပတိုက်ကြီး နှစ်ခုအကြားတွင် ကုန်သွယ်စီးဆင်းမှုအတွက် မဟာဗျူဟာမြောက် အရေးပါသည့် အပြန်အလှန်အကျိုးပြုနိုင်သော တံခါးပေါက်များဖြစ်သည်ကို အလေးအနက်ဆွေးနွေးပြောကြားလိုကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ အားကောင်းခိုင်မာသည့် စက်မှုနှင့် နည်းပညာစွမ်းရည်များကို မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို အတူတကွဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်နိုင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်စေရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုဖိုရမ်တွင် နှစ်နိုင်ငံစလုံးမှ အထင်ကရစီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များတက်ရောက်နေကြခြင်းဖြစ်သည့်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာသုံးသပ်ပြီး ရေရှည်အကျိုးရှိမည့်ပူးပေါင်းစီမံကိန်းများ ဖော်ဆောင်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာ- ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်လာနိုင်ပြီး ပြည်သူအချင်းချင်းနွေးထွေးသည့် ကူးလူးဆက်သွယ်မှုမှတစ်ဆင့် "အပြန်အလှန်အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေး၊ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့် အတူတကွဖွံ့ဖြိုးတိုးတက်မှု"ကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း။

ယခုစီးပွားရေးဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် သမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုခရီးလမ်းကို ယုံကြည်မှုအပြည့်နှင့်အတူ လက်တွဲလျှောက်လှမ်းကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှထွက်ခွာ၊ ဘယ်လာရုစ်နိုင်ငံသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်ရန်အတွက် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch နှင့် တာဝန်ရှိသူများက ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဂုဏ်ပြုတပ်ဖွဲ့က ပို့ဆောင်နှုတ်ဆက်စဉ် မြန်မာ-ရုရှား နှစ်နိုင်ငံနိုင်ငံတော်တေးသီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာဘယ်လာရုစ် နိုင်ငံသံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မင့်စ်မြို့ရှိ The Victory Monument ရှိ လွမ်းသူ့ပန်းခွေချအလေးပြုမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက The Victory Monument ၌ လွမ်းသူ့ပန်းခွေချအလေးပြုရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူ့ပန်းခွေချစဉ်။

အဆိုပါမင့်စ်မြို့ရှိ The Victory Monument (အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင်)သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်းကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ်ပြောက်ကျားရဲဘော်များကို ရည်စူး၍ ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏ သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင်ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် "ထာဝရငြိမ်းချမ်းရေးမီးတောက်"ကို အမြဲမပြတ်ထွန်းညှိထားရှိပြီး လက်ရှိတွင် နိုင်ငံတကာသံတမန်များနှင့် နိုင်ငံ့ခေါင်းဆောင်များ လာရောက်ဂုဏ်ပြုအလေးပြုရာ နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

ရှေ့ဖုံးမှအဆက်

ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် သီးခြားတွေ့ဆုံဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့မှုအပေါ် ဘယ်လာရုစ်နိုင်ငံက လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီးနှင့် အဆွေတော်သမ္မတကြီးတို့အနေဖြင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးထားဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရေးအတွက် ဆွေးနွေးဆောင်ရွက်သွားပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက် ဝမ်းမြောက်စွာကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ကိုယ်စားလှယ်အဖွဲ့ရောက်ရှိချိန်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၏ ရာသီဥတုမှာ အေးမြကောင်းမွန်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံသို့ ယခုလာရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပေါင်းစုံတွင် အောင်မြင်စွာဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှတွင် ဘယ်လာရုစ်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၂၀**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မင့်စ်မြို့မှ Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင့်စ်မြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြပြီး မင့်စ်မြို့မှ Grodno မြို့သို့ သွားရာလမ်းတစ်လျှောက် ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်လျက်ရှိမှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှနေ၍ ကြည့်ရှုလေ့လာကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား Grodno Azot ဓာတ်မြေဩဇာစက်ရုံ အထွေထွေအတွင်းရေးမှူးချုပ် Mr. Lyashenko Igor Vasilyevich နှင့်တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများသင်ကြားပေးနိုင်မှု၊ နှစ်အလိုက်ဓာတ်မြေဩဇာများထုတ်လုပ်နိုင်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံပြခန်းအတွင်း ပြသထားရှိသည့် ဓာတ်မြေဩဇာစက်ရုံပုံစံငယ်ကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Grodno မြို့ လေဆိပ်သို့ ရောက်ရှိကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Yuri Khadzhimuratovich နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Grodno မြို့ လေဆိပ်မှ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဓာတ်မြေဩဇာစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံအထွေထွေအတွင်းရေးမှူးချုပ် Mr. Lyashenko Igor Vasi–lyevich နှင့်တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံဧည့်ခန်းမ၌ Grodno ပြည်နယ် အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့တက်ရောက်ကြသည်။ နေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် Grodno ပြည်နယ် အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များကို စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်း၊စက်ရုံလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးနိုင်မှု၊ နှစ်အလိုက် ဓာတ်မြေဩဇာများထုတ်လုပ်နိုင်မှု၊ စက်ရုံမှ ဘယ်လာရုစ်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများထုတ်လုပ်လျက်ရှိသကဲ့သို့ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိမှု၊ ဓာတ်မြေဩဇာစက်ရုံမှ အခြားထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်လွန်ကြိုးနှင့် အခြားဆက်စပ်ပစ္စည်းများကိုထုတ်လုပ်လျက်ရှိမှု၊ ဈေးကွက်သို့ ဖြန့်ခွဲရောင်းချလျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဓာတ်မြေဩဇာများတင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံပြခန်းအတွင်း ပြသထားရှိသည့် ဓာတ်မြေဩဇာစက်ရုံ ပုံစံငယ်ကိုကြည့်ရှုပြီး စက်ရုံအထွေထွေအတွင်းရေးမှူးချုပ်က နိုင်ငံတော်သမ္မတထံ Grodno Azot ဓာတ်မြေဩဇာစက်ရုံ အမှတ်တံဆိပ်လက်ဆောင်ကို ပေးအပ်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Grodno မြို့လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ Grodno ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ Grodno Azot ဓာတ်မြေဩဇာစက်ရုံသည် ဘယ်လာရုစ်နိုင်ငံ ဂရော့ဒ်နိုမြို့(Grodno)တွင် တည်ရှိပြီး ၁၉၆၃ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သော ဥရောပတိုက်၏ အကြီးဆုံး နိုက်ထရိုဂျင်အခြေခံ ဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းထုတ်လုပ်ရေး နိုင်ငံပိုင်စက်ရုံကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် အမိုးနီးယား(Ammonia)၊ ယူရီးယား (Urea) နှင့် နိုက်ထရိုဂျင်ဓာတ်မြေဩဇာ အမျိုးမျိုးကို အဓိကထုတ်လုပ်ပြီး ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးနေသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့လည်း တင်ပို့နေသည့် ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာအရေးပါသော စက်ရုံကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်းဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှလည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး) များမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူပါရှိလာသည့် (ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် ဖုန်းအပါအဝင် မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြုပါသည်) မိုဘိုင်းလက်ကိုင်ဖုန်းများကိုသာ CEIR စနစ်တွင် မှတ်ပုံတင်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၂။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသော မိုဘိုင်းလက်ကိုင်ဖုန်းများပါရှိလာပါက လေဆိပ်အကောက်ခွန် ကောင်တာတွင် Passenger Declaration Form (PD Form) ဖြင့် ကြေညာရမည်ဖြစ်ပါသည်။ ထိုသို့ကြေညာရာတွင် PD Form ၌ IMEI နံပါတ်အား မဖြစ်မနေထည့်သွင်းကြေညာရမည်။

၃။ မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် CEIR OSS အဖွဲ့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်၍ လျှောက်ထားနိုင်သည်–

(က) CEIR စနစ်တွင် မှတ်ပုံတင်ခွင့် လျှောက်လွှာ

(ခ) Passport (မိတ္တူ) (ဓာတ်ပုံပါသောရှေ့စာမျက်နှာနှင့် လေဆိပ်လဝကမှ ရောက်ရှိရက်စွဲ ရိုက်နှိပ်ထားသော စာမျက်နှာ)

(ဂ) Boarding Pass (မူရင်း၊ မိတ္တူ)

(ဃ) လေယာဉ်လက်မှတ် (မူရင်း၊ မိတ္တူ)

(င) Passenger Declaration Form (PD Form) (မူရင်း)

၄။ လျှောက်ထားလာမှုသည် Passenger Declaration Form (PD Form) ကြေညာခဲ့သည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထား၍ ကျသင့်အခွန်ကို ပေးသွင်းရမည်။ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားနိုင်ခြင်းမရှိပါက CEIR စနစ်မှ ကျသင့်အခွန်အပြင် ဒဏ်ကြေးများ ကောက်ခံသွားမည် ဖြစ်ပါသည်။

၅။ ခရီးသည်တစ်ဦးလျှင် ပထမအကြိမ် PD Form ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးအထိသာ လျှောက်ထားနိုင်သည်။

CEIR နှင့် EIR စနစ်စီမံကိန်းဦးစီးကော်မတီ

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၀

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ကော်မတီဝင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏အရေးပါသည့် အစိတ်အပိုင်းဖြစ်ပြီး အများနှင့်နည်းတူ တူညီသည့်အခွင့်အရေးများ ရရှိခံစားပိုင်ခွင့်ရှိအောင် ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများကို အပြည့်အဝအကောင်အထည်ဖော်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သွားလာရေး အခွင့်အလမ်းများ တူညီစွာဖန်တီးပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှုအမျိုးအစားအလိုက် ကွဲပြားနေသည့် မသန်စွမ်းသူများနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးနေကြသည့် မိဘဆွေမျိုးများ သိရှိထားသင့်သည့်အချက်အလက်များနှင့် အကူအညီရယူရန် လိုအပ်သည့်အချက်အလက်များကို စိစစ်ဖော်ထုတ်ပြီး လူထုကိုမျှဝေနိုင်ရန် အမျိုးသားကော်မတီကတစ်ဆင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပေါ် လှောင်ပြောင်သရော်မှုပပျောက်စေရန်နှင့် လူ့အခွင့်အရေးအပေါ်အခြေခံသည့် အမြင်ပျံ့နှံ့စေရန်ကိုလည်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများဆိုင်ရာ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ အနေဖြင့် Myanmar National Building Code နှင့်အညီ သတ်မှတ်ဘတ်ဂျက်ခွင့်ပြုငွေအတွင်း ဦးစားပေးကဏ္ဍများ သတ်မှတ်ဖော်ထုတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပညာသင်ယူနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ကျောင်း ကိုးကျောင်း ဖွင့်လှစ်ထားရှိပြီး စနစ်တကျပြုစုစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ ရက် ၁၀၀ အတွင်း နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းကိုထပ်မံဖွင့်လှစ်ပေးခဲ့ပြီး မသန်စွမ်းကလေးငယ်များကို စတင်စောင့်ရှောက်ပေးနေပြီဖြစ်ကြောင်း။

မသန်စွမ်းသူများ မှီခိုမှုအနည်းဆုံးဖြင့် ရှင်သန်ရပ်တည်နိုင်ရန် ပညာသင်ယူမှုအပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်ပြီးချိန်တွင် လက်တွေ့လုပ်ငန်းခွင်ထဲဝင်ရောက်နိုင်ရန် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိက ကဏ္ဍကပါ ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ မတူညီသည့် မသန်စွမ်းမှုများအလိုက် သာလွန်စွမ်းဆောင်နိုင်မှုအရ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများကို စီးပွားရေးလုပ်ငန်းအပြင် လူမှုအသိုက်အဝန်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် အနုပညာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် မသန်စွမ်းသူများကို ဆေးရုံဆေးခန်းများတွင် တန်းစီစောင့်ဆိုင်းစရာမလိုဘဲ ပြသနိုင်ရန်နှင့် ဦးစားပေးအစီအစဉ်ဖြင့် ကုသပေးရန်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ၊ ခွဲစိတ်ခွဲစမ်းသပ်မှုများ၊ ပုံရိပ်ဖော်နည်းပညာဖြင့် ရောဂါရှာဖွေသည့်အခါတွင် ဦးစားပေးအုပ်စုအနေဖြင့် အခမဲ့ဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများသည် သဘာဝဘေးနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပိုမိုထိခိုက်ခံစားရနိုင်ခြေ မြင့်မားသူများဖြစ်ကြသောကြောင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

မသန်စွမ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရနှင့်အတူ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏အခွင့်အရေးကို အားပေးခြင်းသည် လူမှုတရားမျှတမှုအတွက် အခြေခံတာဝန်အဖြစ်မှတ်ယူပြီး နိုင်ငံတော်၏ဦးဆောင်မှုတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယနေ့အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် ထိရောက်အကျိုးရှိစေမည့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ကော်မတီဝင် မသန်စွမ်းကိုယ်စားလှယ်များက ဆောင်ရွက်ပေးစေလိုသည့် အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၀

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး နဝရတ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုအဆင့် လွှတ်တော်များအကြောင်း၊ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ်မှတ်တမ်း ဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က တိုင်းဒေသကြီးလွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများအပြီး နိုင်ငံရေးအခင်းအကျင်းသစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီးသုံးရပ် အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထုပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသခံမဲဆန္ဒရှင်ပြည်သူလူထု၏လိုအပ်ချက်များကို ထင်ဟပ်သည့် မေးခွန်းများ၊ အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြဆွေးနွေး၍ ဒေသခံပြည်သူလူထု၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ လက်ရှိအခြေအနေနှင့်ကိုက်ညီသော ဥပဒေများ ပြင်ဆင်ဖြည့်စွက်အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကိုအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး ဒေသ၏အကျိုးကိုထိရောက်စွာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့ပြင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးအတွက် အမှတ်တရလက်ဆောင်များပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူများထံ လူသားချင်းစာနာမှု အကူအညီများ ထိရောက်စွာရောက်ရှိစေရေးအတွက် UN ၏ လုပ်ငန်းများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ဘက်မှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ UN အဖွဲ့အစည်းများနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူများအတွက် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာရေး၊ နှစ်ဖက်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာရေးခရီးသွားရောက်





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ တပ်မတော်၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတများတိုးပွားစေရန်နှင့် စာတွေ့သင်ခန်းစာများကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာရေးခရီးစဉ်များသွားရောက်လျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ရွှေပေး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များ စစ်သမိုင်းပြတိုက်သို့ ရောက်ရှိချိန်တွင် တပ်မတော်စစ်သမိုင်းဗီဒီယို ပြသခဲ့ပြီး ပြတိုက်တာဝန်ရှိသူတစ်ဦးက ပြတိုက်၏ သမိုင်းကြောင်း၊ တည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့် ပြခန်း၊ ကဏ္ဍအလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံရှင်းလင်းပြသခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် ရှေးမြန်မာမင်းများ အသုံးပြုခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများ၊ ရှေးမြန်မာမင်းတို့၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြကွက်များ၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံး ပစ္စည်းများနှင့် သမိုင်းကြောင်းများ၊ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဓာတ်ပုံများနှင့်ရုပ်တုများ၊ တပ်မတော်(ရေ)ပြခန်းရှိ ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်မတော်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ် မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင်ဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များ၊ တပ်မတော်(လေ)ပြခန်းရှိ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။ လေ့လာကြည့်ရှုစဉ်အတွင်း သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြသည်။

ထိုကဲ့သို့ လေ့လာရေးခရီးစဉ် စီစဉ်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ သမိုင်းကြောင်းများကို မှန်ကန်စွာ သိရှိနားလည်စေခြင်း၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများနှင့် တီထွင်ဆန်းသစ်မှုများကိုလေ့လာခွင့်ရရှိပြီး အနာဂတ်ရည်မှန်းချက်များ ဖော်ထုတ်လာနိုင်ခြင်း၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ရည်မှန်းချက်များကို သိရှိစေခြင်း၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာပြီး အားကျအတုယူလိုစိတ်များ ဖြစ်ပေါ်လာစေခြင်း၊ ကျောင်းသားတစ်ဦးချင်းစီ၏ ပြင်ပလေ့လာ မှတ်သားနားလည်မှု



စွမ်းရည်တိုးတက်လာပြီး သဘာဝ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုရင်း စိတ်ကြည်လင် လန်းဆန်းမှုရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည် ဖြစ်သည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်မကတော့ ဇေယျာသီရိမြို့နယ် အခြေခံပညာအလယ်တန်း ကျောင်းခွဲ (ရွှေပေး) ကျောင်းကပါရှင့်။ ကလေးတွေအတွက် ဗဟုသုတကတော့ အများကြီး ရရှိပါတယ်။ နိုင်ငံတော်ရဲ့သမိုင်းကြောင်းတွေ၊ ခေတ်အဆက်ဆက်က အသုံးပြုလာတဲ့ စစ်လက်နက်ပစ္စည်းတွေ ဒီမှာ အကုန်လုံး တွေ့မြင်သိရှိရပါတယ်။ ကလေးတွေအတွက် ဗဟုသုတအများကြီး ရရှိပါတယ်။ နိုင်ငံတော်ကိုလဲ ချစ်တဲ့စိတ်၊ တပ်မတော်ကိုလဲချစ်တဲ့စိတ် သူတို့မှာ



ဖြစ်ပေါ်လာပါလိမ့်မယ်။ စီစဉ်ပေးတဲ့ လူကြီးတွေကိုလဲ အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မတို့ရွာတွေအနေနဲ့ဆိုရင် ဒီစစ်သမိုင်းပြတိုက်ကို ရောက်ဖို့ဆိုတာ ခဲယဉ်းပါတယ်။ ဒီလို နိုင်ငံတော်အကြီးအကဲတွေက စီစဉ်ပေးတဲ့အတွက် ကျောင်းသား၊ ကျောင်းသူအများစုက ဒီကိုလာရောက်လေ့လာခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်''ဟု ပြောသည်။

"ကျွန်မကတော့ ဇေယျာသီရိမြို့နယ်မှာနေထိုင်ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ရွှေပေး)မှာ ပညာသင်ကြားနေတဲ့ Grade – 9 ကျောင်းသူဖြစ်ပါတယ်။ သမီးရဲ့နာမည်ကတော့ မမိုးပြည့်သဇင်ဖြစ်ပါတယ်ရှင့်။ သမီးတို့က ကျောင်းမှာဆိုရင် သမိုင်းဘာသာရပ်ကို သင်ကြားတဲ့အခါမှာ စာတွေ့ကို အဓိကသင်ကြားရပါတယ်ရှင့်။ အခုလို စစ်သမိုင်းပြတိုက်ကို လာရောက်တဲ့အတွက် စာတွေ့နဲ့ တန်းတူမျိုး ကိုယ်သိထားတာနဲ့ပိုပြီး စစ်သမိုင်းပြတိုက်မှာ သိခွင့်ရရှိခဲ့ပါတယ်။ ရဲဘော်သုံးကျိပ်နဲ့အတူ ဗိုလ်ချုပ်အောင်ဆန်း တိုက်ပွဲဝင်ခဲ့တဲ့ပုံစံတွေ၊ အသုံးပြုခဲ့တဲ့ လက်နက်တွေအပြင် ဘယ်လိုရဲစွမ်းသတ္တိတွေရှိတယ်ဆိုတာလဲ သိခဲ့ရပါတယ်ရှင့်။ အရင်တုန်းက တပ်မတော်လို့ပဲသိခဲ့တဲ့အရာတစ်ခုမှာ အခန်းကဏ္ဍတွေ အများကြီးပါဝင်တာကိုလဲ သိခဲ့ရပါတယ်ရှင့်''ဟု ပြောသည်။

"ကျောင်းမှာဆိုရင် သမိုင်းဘာသာရပ်ကို စာတွေ့ပဲသင်ကြားရတာဖြစ်တဲ့အတွက် သမီးတို့က သိပ်စိတ်မပါဘူးပျင်းတယ်။ ဒီလိုလက်တွေ့သင်ကြားရတဲ့အခါမှာ လက်တွေ့ကော၊ စာတွေ့ကော



ပေါင်းလိုက်တဲ့အတွက်ကြောင့် ကိုယ်မသိသေးတဲ့အရာတွေကိုလဲ သိခွင့်ရခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ လာရောက်ကြည့်ရှုလို့ရအောင် စီစဉ်ပေးတဲ့အကြီးအကဲတွေကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီမှာလိုပြပြီး နားလည်အောင်ရှင်းပြပေးတဲ့ တာဝန်ရှိသူအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်ရှင့်'' ဟု ပြောသည်။ (မဝ)

# ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand- Myanmar High Level Committee Meeting ) ကျင်းပ

**ယခုအစည်းအဝေးမှတစ်ဆင့် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပုံဖော်ဖန်တီးရာတွင် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်မည်ဟု အခိုင်အမာယုံကြည်. . .**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

**မိမိတို့တပ်မတော် နှစ်ရပ်ကြားရှိ နီးကပ်သော ဆက်ဆံရေးသည် နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲမှန်သမျှကို အတူတကွကျော်လွှားနိုင်လိမ့်မည်ဟု ခိုင်မာစွာယုံကြည်. . .**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha

**နေပြည်တော် သြဂုတ် ၂၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand – Myanmar High Level Committee Meeting )ကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Chatrium Grand Hotel ရှိ Grand Ball-room ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanon-dha တို့သည် အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့တပ်မတော်နှစ်ရပ်ကြား အမြင့်ဆုံးအဆင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ပြီး မိမိတို့၏ချစ်ကြည်ရေးနှင့် နီးကပ်သော ဆက်ဆံရေးကို လက်တွေ့ကျကျ ခိုင်မာစေရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသများငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းထားရန်၊ နှစ်နိုင်ငံပြည်သူများ ပိုမိုကောင်းမွန်သော လူနေမှုဘဝ၊ သာယာဝပြောမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကိုခံစားရရှိစေရန် ဟူသော တူညီသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်နှစ်ရပ်ကြားရှိ နီးကပ်သော ဆက်ဆံရေးသည် နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စိန်ခေါ်မှုများနှင့် အခက်အခဲမှန်သမျှကို အတူတကွကျော်လွှားနိုင်လိမ့်မည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း။

မိမိတို့တပ်မတော်နှစ်ရပ်၏ ခိုင်မာသော ကတိကဝတ်နှင့် သန္နိဋ္ဌာန်တို့ဖြင့် ယနေ့အစည်းအဝေးသည် အောင်မြင်စွာ




၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting ) ကျင်းပစဉ်။

ကျင်းပနိုင်ခဲ့ပြီဖြစ်ပြီး အတူတကွ သတ်မှတ်ထားသော ရည်မှန်းချက်များ အားလုံးကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တင်ပြခဲ့သည့်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုခိုင်မာရေးဆိုင်ရာ လက်တွေ့ကျသောစီမံဆောင်ရွက်ချက်များသည် လုံခြုံရေး၊ ဘေးကင်းရေးနှင့် အပြန်အလှန်နားလည်မှုတို့ကို အထောက်အကူပြုမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အနာဂတ်တွင် နယ်ပယ်အသီးသီး၌ ပိုမိုနီးကပ်သောပူးပေါင်းဆောင်ရွက်မှုများဆီသို့ ဦးတည်သွားမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းများ ထားရှိခဲ့သော ကတိကဝတ်များကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု ထပ်လောင်းအတည်ပြုပါကြောင်း၊ ဤကတိကဝတ်များသည် ဆက်လက်တည်တံ့နေမည်ဖြစ်ပြီး မိမိတို့တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းကာ ဆက်ဆံရေးကို ပိုမိုနီးကပ်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ရှေ့ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် HLC အစည်းအဝေးကို တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များချမှတ်ရန်၊ ဒေသအဆင့် နယ်ခြားကော်မတီ(RBC)နှင့် မြို့နယ်အဆင့်နယ်ခြားကော်မတီ (TBC) တို့၏ လုပ်ငန်းဆောင်ရွက်မှုများဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်ရန်၊ မြန်မာ-ထိုင်း နယ်စပ်ဒေသတွင် နေထိုင်သည့် နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တိုးတက်အောင်ဆောင်ရွက်ရန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားစိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် လိုအပ်သည်များစီစဉ်ဆောင်ရွက်ရန် အစရှိသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်မတော်နှစ်ရပ်ကြားတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန်အတွက် အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်တွင် ကျင်းပသည့် ၃၈ ကြိမ်မြောက် ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး (38th RBC) ကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်ထိ ကျိုင်းတုံမြို့၌ မြန်မာဘက်မှ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရေတပ်နှင့်လေတပ်ပိုင်းဆိုင်ရာများတွင်လည်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ၊ အစည်းအဝေးများနှင့် အပြန်အလှန်အလည်အပတ်ခရီးစဉ်များ ပြုလုပ်လျက်ရှိပြီး တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုကျင်းပသည့် တပ်မတော်နှစ်ရပ်ကြား အဆင့်မြင့်အရာရှိကြီးများ ကော်မတီအစည်းအဝေးမှတစ်ဆင့်လည်း မိမိတို့တပ်မတော်နှစ်ရပ်ကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုခိုင်မာအားကောင်းလာစေရန် တည်ဆောက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

HLC အစည်းအဝေးသည် နှစ်နိုင်ငံပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်ကြား ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်သော အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပုံဖော်ဖန်တီးရာတွင် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ၃၈ ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ရလဒ်များကို ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) ဒုတိယစစ်တိုင်းဒေသမှူး Ma-jor General Narongrit Panigabutr ကလည်းကောင်း၊ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပူးတွဲအတွင်းရေးမှူးအဖွဲ့ အစည်းအဝေး(JSM) အစည်းအဝေးတွင် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့သည့် အကြောင်းအရာများကို HLC ပူးတွဲအတွင်းရေးမှူး နယ်စပ်ရေးရာညွှန်ကြားရေးမှူးချုပ် Lieutenant General Chum-phot Nurakkate ကလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထိုင်း – မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဥက္ကဋ္ဌများဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးတွင်ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာအချက်အလက်များကို အတည်ပြုဆုံးဖြတ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးပိတ်ပွဲမိန့်ခွန်းများ အသီးသီးပြောကြားကာ ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting) သဘောတူညီချက်များကို လက်မှတ်ထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။ **စာမျက်နှာ ၂၃ သို့**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand- Myanmar High Level Committee Meeting )သို့ တက်ရောက်ခဲ့သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့် ဇနီးတို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး Mrs. Paveena Boontanondha၊ ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ကို ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နှစ်နိုင်ငံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များသည် နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။ ယင်းနောက် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြရာ ညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့်တပ်မတော်ယဉ်ကျေးမှုအဖွဲ့က တေးသီချင်းများ၊ ရိုးရာရုပ်သေးပြဇာတ်များ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။(၅၀၁)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့် ဇနီး Mrs. Paveena Boontanondha နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဂုဏ်ပြုညစာစားပွဲတွင် ထိုင်းဘုရင့်တပ်မတော်ယဉ်ကျေးမှုအဖွဲ့၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

ထို့နောက် အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြသည်။ ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လေထုညစ်ညမ်းမှုတိုင်းတာသည့် စက်ကိရိယာနှစ်စုံကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် နှစ်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

၉ ကြိမ်မြောက် ထိုင်း- မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand- Myanmar High Level Committee Meeting)၏ ပူးတွဲအတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ဗန်ကောက်မြို့၌ ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့ပြီး ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များဖြစ်သည့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်ကြား အစည်းအဝေးများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စစ်ဘက်ယဉ်ကျေးမှုဖလှယ်ရေး ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံမှုနှင့် ဘေးကင်းမှုမြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရေကြီးမှုကြိုတင်သတိပေးစနစ်အတွက် အလိုအလျောက် တာဝေးတိုင်းတာရေးစခန်းများဖွင့်လှစ်ရေး၊ နယ်နိမိတ်နှင့်နယ်စပ်မြစ်များ ရေညစ်ညမ်းမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြပြီး ၁၀ ကြိမ်မြောက် မြန်မာ- ထိုင်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သံအမတ်ကြီး ဦးအောင်မင်းဦး ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၀

ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်မင်းဦးသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် မိုဂါဒစ်ရှူးမြို့ရှိ သမ္မတအိမ်တော်၌ ဆိုမာလီယာ ဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟာဆန်ရှိတ် မိုဟာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသ အကောင်အထည်ဖော်နိုင်ရေး လျာထားအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေး




မန္တလေး ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသ အကောင်အထည်ဖော်နိုင်ရေး စီမံကိန်းများနှင့်ပတ်သက်၍ မင်းမဟာကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံရှင်းလင်းတင်ပြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး စဉ်ဆက်မပြတ်တိုးတက်သွားရေးအတွက် အစီအမံများနှင့်စပ်လျဉ်း၍ ပြုစုဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး မင်းမဟာကုမ္ပဏီမှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်မည့်စီမံကိန်းတွင်ပါဝင်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ အခြေပြု၍ မြို့ပေါ်ရှိ သံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖြတ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(ဖြတ)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရှေ့တန်းပြန် တပ်မတော်သားများကို အောင်သပြေခက်ကမ်း၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# မန္တလေးတိုင်းဒေသကြီး အမရပူရနှင့် ပြင်ဦးလွင်မြို့ရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် ရှေးဟောင်းအဆောက်အအုံများကို ရှေးဟောင်းမြို့ပြအမွေအနှစ်အမှတ်အသား ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်



မန္တလေး ဩဂုတ် ၂၀

နှစ်ပေါင်း ၁၀၀ နှင့်အထက် ရှေးဟောင်းအဆောက်အအုံများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် ပြင်ဦးလွင်မြို့ရှိ သဇင်မြိုင်အဆောက်အအုံတို့ကို ရှေးဟောင်းမြို့ပြအမွေအနှစ်အမှတ်အသား ကမ္ပည်းမော်ကွန်းကြေးပြားများ တပ်ဆင်ခဲ့ကြောင်း သိရသည်။

အမရပူရမြို့ တောင်သမန်အင်းရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ဦးပိန်တံတားတွင် ရှေးဟောင်းမြို့ပြအမွေအနှစ်အမှတ်အသား ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးပြီး ဦးပိန်တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အေဒီ ၁၈၅၁ ခုနှစ်တွင် အင်းဝနန်းတော်နှင့် စစ်ကိုင်းနန်းတော်တို့မှ နန်းတော်တိုင်များ၊ သစ်များဖြင့် တောင်သမန်အင်းကို ဖြတ်၍ အမရပူရမြို့နှင့် တောင်သမန်ရွာကို ဆက်သွယ်တည်ဆောက်ထားသည့် ဦးပိန်တံတားကို အမရပူရမြို့ဝန် ဘိုင်ဆပ်၏ တပည့် မြို့စာရေးမောင်ပိန်က တည်ဆောက်ခဲ့ပြီး စတင်တည်ဆောက်ခဲ့စဉ်က တိုင်ပေါင်း ၁၀၈၆ တိုင်၊ အရှည် ၃၉၈၇ ပေရှိပြီး နားနေရန်ဇရပ် ခုနစ်ဆောင်တို့ဖြင့် တည်ဆောက်ခဲ့ရာ သက်တမ်း ၁၇၅ နှစ်ရှိပြီဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လေ့လာအပန်းဖြေသည့် ထင်ရှားသောနေရာဖြစ်ပြီး ယခုကဲ့သို့ အထိမ်းအမှတ်ကမ္ပည်းကြေးပြား တပ်ဆင်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ခရီးသွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်ကအထောက်အကူပြုလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် သဇင်မြိုင်၊ ချယ်ရီမြိုင်၊ မြိုင်ကြီး စသည့်ရှေးဟောင်းအဆောက်အအုံများတွင် ရှေးဟောင်းမြို့ပြအမွေအနှစ်အမှတ်အသား ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ်ရှိ သဇင်မြိုင်၊ ချယ်ရီမြိုင်အဆောက်အအုံ၊ မြိုင်ကြီးအဆောက်အအုံတို့ကို ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ပေးသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ရွှေနန်းထိုက်ဟိုတယ်တွင် တွေ့ဆုံပြီး ပြင်ဦးလွင်ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့တွင် ခြင်ဆီအစားထိုးကုသခြင်း ပုံမှန်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone Marrow Transplant Center) တွင် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း တနင်္သာရီတိုင်းဒေသကြီးမှ ၄၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ၅၉ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှ ၄၉ နှစ်အရွယ် အမျိုးသားတစ်ဦး စုစုပေါင်းလူနာ လေးဦးတို့ကို ခြင်ဆီအစားထိုးကုသခြင်းဆောင်ရွက်ခဲ့ရာ လူနာများအားလုံးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဩဂုတ်လဆန်းတွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့ပံ့ပိုးမှုဖြင့် သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိစေရေးအတွက် အဆင့်မြင့်ကုသမှုများကို ပြည်တွင်း၌ရရှိစေရေး ဆောင်ရွက်လျက်ရှိရာ သွေး၊ ခြင်ဆီကင်ဆာရောဂါလူနာများအတွက် ခြင်ဆီအစားထိုးကုသမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတို့တွင် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး သွေးခြင်ဆီပင်မကလပ်စည်း အစားထိုးကုသမှု (Haematopoietic Stem



Cell Transplant – HSCT) ကို ၂၀၁၄ ခုနှစ်မှ စတင်၍ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ သွေးကင်ဆာလူနာများကို ကုသရာတွင် အသုံးပြုနိုင်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၆ ခုနှစ်မှစတင်၍ ဆောင်ရွက်နိုင်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်းလူနာ ၃၃ ဦးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ စုစုပေါင်းလူနာ ၂၁ ဦး၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် ၂၀၂၃ ခုနှစ်တွင် ငါးဦး၊ ၂၀၂၄ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ခြောက်ဦး စုစုပေါင်း ဦးရေ ၇၀ ကို ကုသပေးခဲ့ပြီးဖြစ်သည်။ သွေး၊ ခြင်ဆီကင်ဆာလူနာများအနေဖြင့် ပြည်တွင်း၌ပင် ကျန်းမာရေးကုန်ကျစရိတ်သက်သာစွာဖြင့် ကုသမှုခံယူနိုင်ရေးအတွက် ခြင်ဆီအစားထိုးကုသမှုများကို ပြည်တွင်း၌ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ (၂၀ - ၈ - ၂၀၂၆)

| | | | | | | |
|---|---|---|---|---|---|---|
| မြင်းမူ | ၃၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | | ပခုက္ကူ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | | ကလေးဝ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | | သီပေါ | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | | တံတားဦး | ၃၅ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၀

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

❑ **ရေဝတီတိုင်းဒေသကြီးမှ** လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်း မြို့နယ်တို့ရှိ ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာ အချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများ အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီ ကယ်ဆယ်နိုင်ရေးအတွက် အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီ ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေ ကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင် ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက် ရှိသည်။

ထို့ပြင် ဝေန်ပန်းတာ ရေဝင်ရောက်မှု ကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်း များအတွင်း သဲအိတ်များဖြည့်၍ကာကွယ် ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက် ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက် လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့်ရေဝင် ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်နေမှုများကို အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ



နေပြည်တော် ဩဂုတ် ၂၀

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန အမျိုးသားမှတ်တမ်းများမော်ကွန်း တိုက်(နေပြည်တော်)သို့ ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀၈ ဦးနှင့် ဆရာ၊ ဆရာမ ရှစ်ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်း များ မော်ကွန်းတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများ နှင့် ဆရာ၊ ဆရာမများကို အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ရှိ CON-FERENCE HALL ခန်းမ၌ အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသား မှတ်တမ်းများမော်ကွန်းတိုက် သမိုင်း အကျဉ်း၊ ဌာန၏လုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ နှင့် ဆရာ၊ ဆရာမများသည် အမျိုးသား မှတ်တမ်းများမော်ကွန်းတိုက်တွင် ပြသ ထားသည့် မော်ကွန်းပြခန်းများကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုလေ့လာ ကြပြီး ပြခန်းများနှင့်စပ်လျဉ်း၍ သိရှိ လိုသည်များကို မေးမြန်းကြရာ ပြခန်း တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး သည်။ ထို့အတူ ကျောင်းသား၊ ကျောင်းသူ များက မြန်မာနိုင်ငံသမိုင်းနှင့်စပ်လျဉ်း၍ အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိ ဖြေဆိုကြပြီး ပြည့်စုံစွာဖြေဆိုနိုင်သူများ ကို အမှတ်တရလက်ဆောင်များ ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်မှ** ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဒေသ အလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်း ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီး နိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ် နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့ တွင် မုတ်သုံလေအားကောင်းနေခြင်း ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ် ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်း ကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင် သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင် ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင် ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှု များကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး သင်္ဘောများအနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထား သည်။

(မိုး/ဇလ)




# သောင်ရင်းမြစ်ရေ မြဝတီမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

❍ **မီးစက်များရောက်ရှိမှ** စက်သုံးဆီများပါရှိမှုတို့ကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့ပြင်မကျည်းမြိုင်ရပ်ကွက်ရှိ မီးစက် ထားရှိမည့်နေရာတွင် မီးစက်နေရာချ ထားမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့ပေါ် ရပ်ကွက်များတွင် ဓာတ်အားအမြန်ဆုံး ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမျိုးသန့်ခြံ၌ နို့စားနွား မွေးမြူရေးခြံ ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၂၃ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**❖ ကျေးသီးမြို့နယ်မှ**

ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၃ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောင်မြင်စွာဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများဆောက်လုပ်၍ အခြေပြုခိုအောင်းလုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက် ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကျေးသီးမြို့နယ် ဝမ်ဖွန်းကျေးရွာ၏ မြောက်ဘက် မီတာ ၉၉၀၀ ခန့်အကွာ၊ ပုံလုံကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၂၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၁၀ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ၄၀၊ အနံ ပေ ၂၀ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ၁၀ ပေ၊ ယာယီအလုပ်ရုံမိုးကာတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ ယာယီစားချက်ဆောင်မိုးကာတဲ တစ်လုံး၊ Star Link လေးစုံ၊ ဖုန်းမျိုးစုံ ၂၆ လုံး၊ Tablet နှစ်လုံး၊ Laptop တစ်လုံး၊ Network လိုင်းခွဲ BOX ရှစ်ခု၊ Wifi စက် ၁၂ ခု၊ ငွေဖြတ်စက် လေးလုံး၊ မီးစက်အကြီး တစ်လုံး၊ ရေခဲသေတ္တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဝန်းကျင်တစ်ဝိုက် အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ စနစ်တကျဆက်လက်ဆောင်ရွက်ခဲ့ရာ ပုံလုံကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၃၀၀၀ ခန့်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသည့် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးကိုလည်းကောင်း၊ ပုံလုံကျေးရွာ၏ မြောက်ဘက်မီတာ ၃၉၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးတို့ကိုလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရရှိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့်အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား တရားမဝင်လမ်းကူး၌ အမှတ်(၇)အဆန် DEMU ရထားနှင့် ဆိုင်ကယ်ဘေးတွဲ ပွတ်တိုက်မှုဖြစ်ပွား



သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား အမှတ်(၇)အဆန် DEMU ရထားနှင့် ဘေးတွဲဆိုင်ကယ် ပွတ်တိုက်မှုကြောင့် ရထားရှေ့စက်ခေါင်း မီးလုံးကွဲအက်ခြင်း၊ ဆေးပွန်းပဲ့ခြင်းဖြစ်ပွားခဲ့မှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ ညနေ ၃ နာရီ ၅၅ မိနစ်တွင် အမှတ် (၇) အဆန် ရန်ကုန်-နေပြည်တော် DEMU လူစီးအမြန်ရထားသည် သောင်းတိုင်ကုန်းနှင့် တောင်ငူဘူတာအကြား မိုင်တိုင်အမှတ်(၁၆၅/၁) နှင့်(၂)ကြားရှိ ကျေးရွာအစီအစဉ်ဖြင့် ဂိတ်စောင့်(ဖွင့်၊ပိတ်)ပြုလုပ်သော တရားမဝင်လမ်းကူးဂိတ်၌ ဘေးတွဲဆိုင်ကယ်နှင့် ပွတ်တိုက်မှုဖြစ်ပွားပြီး DEMU ရထားစက်ခေါင်း၏ ရှေ့ညာဘက်မီးလုံးကွဲပြီး ဆေးပွန်းပဲ့မှုဖြစ်ပွား၍ ခရီးသည်နှင့် ဝန်ထမ်းထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရခြင်းမှာ တရားမဝင်လမ်းကူးဂိတ်၏ အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာသည့် ဘေးတွဲဆိုင်ကယ်အမှတ် BGO 3215 သည် အရပ်သားဂိတ်စောင့်မှ ဝါးလုံးတန်းဖြင့် ဂိတ်ပိတ်တားဆီးထားသော်လည်း အရှိန်မထိန်းနိုင်ဘဲ ရထားလမ်းကို ဖြတ်ကျော်မောင်းနှင်မှုကြောင့် သောင်းတိုင်ကုန်းဘူတာမှ ဖြတ်သန်းမောင်းနှင်လာသော အမှတ်(၇)အဆန် DEMU ရထားဖြင့် ပွတ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဂိတ်သည် ကျေးရွာအစီအစဉ်ဖြင့် ဂိတ်စောင့်က(ပိတ်၊ ဖွင့်)ပြုလုပ်သော တရားမဝင်လမ်းကူးဂိတ်ဖြစ်ပြီး မြန်မာ့မီးရထားမှ ဂိတ်စောင့်တာဝန်ချထားခြင်းမရှိကြောင်း၊ ယခုရထားနှင့် ဘေးတွဲဆိုင်ကယ်တိုက်မိမှုဖြစ်စဉ်ကြောင့် ဘေးတွဲဆိုင်ကယ်မောင်းနှင်သူ ဝင်းနိုင်ဦး(ဘ) ဦးတင်လှိုင် ရေပုတ်ကုန်းရွာနေသူကို ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေ တောင်ငူအမှတ်(၁) ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားပြီး အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ် ဖြစ်ပေါ်ခဲ့ကာ အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၈၁၆၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့် ရွှေညောင်မြို့တွင် ငွေကျပ် ၂၇ ဒသမ ၇၅ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



စိုင်းထွန်းတစ်ကို ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၀

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၈၁၆၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့် ရွှေညောင်မြို့တွင် ငွေကျပ် ၂၇ ဒသမ ၇၅ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက သတင်းအရ တာချီလိတ်မြို့နယ် ဇေလေလန်ကျေးရွာအနီးတွင် တာချီလိတ်မြို့နယ် ဝမ်တုံရွာနေ စိုင်းထွန်းတစ် ၂၇ နှစ် မောင်းနှင်လာသော TOYOTA HILUX TIGER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် (မက်သ်အဖက်တမင်း) ၉၆ ကီလို(တစ်ကီလိုလျှင် ငွေကျပ် ၈၅သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၈၁၆၀) ဖမ်းဆီးရမိသဖြင့် စိုင်းထွန်းတစ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ရတနာရပ်ကွက် နယ်မြေ(၁)နေ ခွန်ဟန်စိန် ခေါ် သန့်ဇင် ၃၀ နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှစိတ်ကြွဆေးပြား ၉၂၅၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၇ ဒသမ ၇၅ သိန်း) ဖမ်းဆီးရမိသဖြင့် ခွန်ဟန်စိန် ခေါ် သန့်ဇင်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင် ပြည်သူအားလုံးပူးပေါင်းပါဝင်ကြပါစို့

လင်းလက်

**❖ ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး အတွက် မိဘအုပ်ထိန်းသူများက အဓိကတာဝန်ရှိသည်ဟု ဆိုသော်လည်း ကျောင်းနေအရွယ်သို့ရောက်သည့်အခါ မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းနေအရွယ်တွင် တစ်ကိုယ်ရေသန့်ရှင်းရေးက အစပြု၍ သန့်ရှင်းသောအစားအသောက်များကို ဝယ်ယူစားသောက်ခြင်းတို့ထိ ဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ ❖**

**သန်စွမ်းကျန်းမာစေရန်**

လူတစ်ယောက်အနေဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းရာတွင် စိတ်ရောကိုယ်ပါ သန်စွမ်းကျန်းမာနေရန်လိုသည်။ ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်ကိုပိုင်ဆိုင်နေရေးအတွက် လိုအပ်သည့် အာဟာရများ စားသုံးရေးကလည်း အလွန်အရေးကြီးသည်။ စက်ပစ္စည်းတစ်ခုကောင်းမွန်စွာ လည်ပတ်စေရေးအတွက် စက်ဆီ၊ ချောဆီများက အလွန်အရေးကြီးသကဲ့သို့ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးအတွက် အာဟာရဓာတ်များကလည်း မရှိမဖြစ်လိုအပ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရဓာတ်များမရရှိသည့်အခါ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအားနည်းခြင်း၊ ကျန်းမာရေးထိခိုက်ခြင်းမှ အစပြု၍ အသက်သေဆုံးသည်ထိ ဖြစ်နိုင်သည်။

အာဟာရဖွံ့ဖြိုးရေးသည် အရွယ်ရောက်ပြီးသူများထက် ခန္ဓာကိုယ်စတင်ဖွံ့ဖြိုးစကလေးများနှင့် ကျောင်းသားလူငယ်များအတွက် ပို၍အရေးကြီးသည်။ ခန္ဓာကိုယ်စတင်ဖွံ့ဖြိုးစအချိန်ကာလတွင် လိုအပ်သည့်အာဟာရဓာတ်များ မရရှိသည့်အခါ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ဉာဏ်ရည်ထက်မြက်မှုနည်းပါးခြင်းနှင့် ကူးစက်ရောဂါများ လွယ်ကူစွာ ကူးစက်ခံရခြင်းတို့ကို ကြုံတွေ့ရနိုင်သည်။

**နည်းလမ်းများ**

ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရာတွင် မိဘအုပ်ထိန်းသူများက ပထမဦးစွာ တာဝန်ရှိသူများဖြစ်သည်။ မိခင်နို့ရည်ကို တိုက်ကျွေး၍ ပြုစုပျိုးထောင်ပြီး အခြားသော အစာအာဟာရနှင့် ဖြည့်စွက်စာများကျွေးမွေးရမည့် အရွယ်တွင်လည်း အာဟာရပြည့်ဝသည့် စားသောက်မှုပုံစံဖြစ်အောင် ကျွေးမွေးပြုစုရမည်ဖြစ်သည်။ မိခင်နို့ရည်တိုက်ကျွေးရမည့်အရွယ်တွင် မိခင်နို့ကို အပြည့်အဝတိုက်ကျွေးနိုင်ရေးအတွက် မိခင်များကိုယ်တိုင်က သန်စွမ်းကျန်းမာနေရန်လိုသည်။ ကိုယ်တိုင် "အာဟာရပြည့်ဝသည့် အစားအသောက်များ စားသုံးမှုမရှိခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် ဆိုးဆေးပါသော မုန့်များ၊ အချိုရည်များနှင့် အသင့်စား အစားအစာများကို စားသုံးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အိပ်ချိန်မမှန်ခြင်းကဲ့သို့သော ကျန်းမာရေးနှင့် မညီညွတ်သည့် လူနေမှုပုံစံများ ရှိနေခြင်း" စသည်တို့ကို ရှောင်ရှားရမည်ဖြစ်သကဲ့သို့ ကလေးသူငယ်များကိုလည်း ထိုအပြုအမူများမရှိအောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် မိဘအုပ်ထိန်းသူများက အဓိကတာဝန်ရှိသည်ဟုဆိုသော်လည်း ကျောင်းနေအရွယ်သို့ ရောက်သည့်အခါ မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းနေအရွယ်တွင် တစ်ကိုယ်ရေသန့်ရှင်းရေးက အစပြု၍ သန့်ရှင်းသော အစားအသောက်များကို ဝယ်ယူစားသောက်ခြင်းတို့ထိ ဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ လိုအပ်သည့် အာဟာရများကို ပြည့်ဝစွာ စားသောက်နိုင်စေရန်နှင့် ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်သော နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက်မှု မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများအပါအဝင် ပြည်သူလူထုအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုသည်။

**ရင်ဆိုင်နေရသော အခက်အခဲများ**

ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရချို့တဲ့မှုပြဿနာသည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုပင်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တင်ပြချက်အရ "အာဟာရ ချို့တဲ့ခြင်း (ပိန်လှီခြင်း၊ ပုညက်ခြင်း၊ ကိုယ်အလေးချိန် မပြည့်ခြင်း)၊ ဗီတာမင်သို့မဟုတ် သတ္တုဓာတ်များ မလုံလောက်ခြင်း၊ ကိုယ်အလေးချိန်လွန်ကဲခြင်း၊ အလွန်အမင်းအဝလွန်ခြင်းနှင့် ထိုမှတစ်ဆင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားခြင်း" စသည့်အာဟာရမမျှတမှုပြဿနာသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်နေသည်ကို တွေ့ရသည်။

အသက်ငါးနှစ်အောက် ကလေးများသေဆုံးမှု၏ အဓိကအကြောင်းရင်းများထဲတွင် အာဟာရချို့တဲ့ခြင်းလည်းပါဝင်နေသည်ဟုသိရသည်။ သေဆုံးမှုအများစုသည် ဝင်ငွေနည်းပါးသော သို့မဟုတ် ဝင်ငွေအလတ်စားရှိသော နိုင်ငံများတွင် ဖြစ်ပွားလေ့ရှိသည်ဟုသိရသည်။ ကမ္ဘာလုံးဆိုင်ရာ အာဟာရ မမျှတမှုပြဿနာသည် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် ဆေးဝါးဆိုင်ရာ သက်ရောက်မှုများကိုဖြစ်စေသည်။ အစာအာဟာရကို လုံလောက်စွာ စားသုံးနိုင်မှုမရှိခြင်း၊ မကြာခဏဖျားနာခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမမီခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုနှုန်းကို မြင့်မားစေသည်။ အာဟာရချို့တဲ့ခြင်းသည် ကလေးများသေဆုံးခြင်းနှင့် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို တစ်သက်တာထိခိုက်စေနိုင်သည့် အကြောင်းရင်းတစ်ရပ်ဖြစ်သဖြင့် ပြည်သူလူထုအားလုံးက ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ**

ကလေးများအပါအဝင် ကျောင်းနေအရွယ် ကလေးသူငယ်များ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်း၍ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်ကြယ်ပွင့်များဖြစ်လာစေရေး အစဉ်ကြိုးပမ်းဆောင်ရွက်နေသည့် မိမိတို့မြန်မာနိုင်ငံတွင် ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးလအဖြစ်သတ်မှတ်ထားသည်။ မိခင်နို့သည် ကလေးများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အာဟာရဓာတ်ဖြစ်သဖြင့် ဩဂုတ်လ ပထမပတ်ကို "မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်" အဖြစ် သတ်မှတ်ထားသည်။ ကလေးများကို မွေးစမှ အသက်ခြောက်လထိ အခြားဖြည့်စွက်စာများ ကျွေးမွေးခြင်းမပြုဘဲ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားသည်။ ကလေးအသက်ခြောက်လပြည့်သည့် အချိန်မှသာ သင့်တော်သော အခြားဖြည့်စွက်စာကို ကျွေးမွေးကြရန်နှင့် အနည်းဆုံး ကလေးအသက်နှစ်နှစ်ထိ မိခင်နို့ကိုဆက်လက်တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသဖြင့် မိခင်နို့စနစ်တကျတိုက်ကျွေးမှုကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အာဟာရ ပြည့်ဝကောင်းမွန်ခြင်းသည် မွေးကင်းစကလေး၊ ကလေးငယ်နှင့် မိခင်များ၏ ကျန်းမာရေးကို တိုးတက်စေခြင်း၊ ကိုယ်ခံအားစနစ်ကို ပိုမိုသန်မာစေခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းတို့တွင် ဘေးအန္တရာယ် ပိုမိုကင်းဝေးစေခြင်း၊ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

နိုင်ငံ့အနာဂတ်ကလေးများအတွက် အာဟာရဖွံ့ဖြိုး၍ ကျန်းမာသန်စွမ်းသူများ ဖြစ်စေရေးသည် အရေးကြီးသည်။ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသူများသည် ပညာရပ်များကို ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ခြင်း၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမြင့်မားခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေနိုင်သည်။ ကျန်းမာသန်စွမ်းပြီး အလုပ်လုပ်ကိုင်နိုင်စွမ်းမြင့်မားသည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံ၏အနာဂတ်တိုးတက်လာမည်ဖြစ်သဖြင့် ဩဂုတ်လဒုတိယပတ်ကို "အသက်ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်" အဖြစ်သတ်မှတ်၍ ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ထို့ပြင် ဩဂုတ်လတတိယပတ်ကို "ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်"အဖြစ် သတ်မှတ်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရသည်။ မိခင်တစ်ဦးက အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းနေမည်ဆိုပါက ကိုးလလွယ် ဆယ်လဖွား ရင်သွေးငယ်လေးသည်လည်း အာဟာရဖွံ့ဖြိုးနေမည်သာဖြစ်သည်။ မိခင်၏ အာဟာရဖွံ့ဖြိုးမှုသည် ကလေးငယ်၏ ကြီးထွားဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ "မျိုးစေ့မှန်မှ အပင်သန်မည်" ဆိုသကဲ့သို့ပင် ကိုယ်ဝန်ဆောင်မိခင်က အာဟာရဖွံ့ဖြိုး၍ ကျန်းမာနေမှသာ ကျန်းမာပြည့်ဖြိုးသည့် ကလေးများကို မွေးဖွားပေးနိုင်မည်ဖြစ်ပြီး မိခင်နို့ရည်ကိုလည်း လုံလောက်စွာ ရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်တိုင် "အာဟာရပြည့်ဝစွာ စားသောက်နေထိုင်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံရှိခြင်း" စသည့် အလေ့အကျင့်ကောင်းများ ရှိရမည်ဖြစ်သည်။ "ကျန်းမာရေးကိုထိခိုက်စေသည့် အပြုအမူများ"ကို ကိုယ်တိုင်ကြိုးစားရှောင်ရှားခြင်းဖြင့် မိမိ၏ရင်သွေးငယ်ဘဝကို လှပအောင်ပုံဖော်ပေးခြင်းဖြစ်သည်ကိုလည်း သတိပြုမိကြရန်လိုသည်။

ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများ၊ ကျောင်းနေအရွယ်ကလေးသူငယ်များအတွက် အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းသည်လည်း အလွန်သတိထားရမည့်အချက်ဖြစ်သည်။ အိုင်အိုဒင်းဓာတ်ချို့တဲ့သည့်အခါ ကလေးသူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကို များစွာထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဩဂုတ်လစတုတ္ထပတ်ကို "အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်" အဖြစ် သတ်မှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ "ကြက်ဥ၊ ဘဲဥ" "နို့နှင့် နို့ထွက်ပစ္စည်းများ" စသည်တို့ကို စားသုံးခြင်းဖြင့် အိုင်အိုဒင်းဓာတ်ကို ပြည့်ဝစေနိုင်သဖြင့် ကိုယ်ဝန်ဆောင်မိခင်များ နွားနို့၊ ဆိတ်နို့ စသည်တို့ကို ပုံမှန်စားသုံးသင့်ပေသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့**

ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းသည် အနာဂတ်တော်ဝင်ပန်းကလေးများကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် အစိုးရနှင့် တာဝန်ရှိသူများ၊ မိဘ၊ ဆရာ၊ ဆရာမများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကလေးများနှင့် ကျောင်းသားလူငယ်များကို "ကျန်းမာသောဘဝ၊ လှပသောအနာဂတ်"တို့ကို ပုံဖော်ပေးရန်အတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ကိုယ်တိုင်ကစ ပါဝင်ကြရမည်ဖြစ်သည်။

အမျိုးသားရေးအသိ၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူငယ်တို့၏ဉာဏ်ရည်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်လူ့စွမ်းအား အရင်းအမြစ်များအတွက် တန်ဖိုးမဖြတ်နိုင်သော ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ် တော်ဝင်ပန်းများကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် ဩဂုတ်လအတွင်းကျင်းပသည့် "အာဟာရဖွံ့ဖြိုးရေး" လှုပ်ရှားမှုများတွင် ပြည်သူလူထုအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များ။**
- **ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များ။**

ML

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ စပါးအသင်း၊ ကိုမိုအသင်း၊ ဘီလ်ဘာအိုအသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ်စနေနေ့ညမှာတော့ ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲတွေဖြစ်တဲ့ ပရီးမီးယားလိဂ်၊ စီးရီးအေ၊ ပြင်သစ်လီဂူး၊ လာလီဂါပြိုင်ပွဲတွေကျင်းပသွားမှာဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲကတော့ လာမဲ့ရက်သတ္တပတ်မှ ပြိုင်ပွဲတွေစတင်သွားမှာဖြစ်ပြီး လက်ရှိမှာတော့ အပြောင်းအရွှေ့ကာလပိတ်သိမ်းဖို့ ရက်သတ္တပတ်သာလိုတော့တာကြောင့် ကလပ်အသင်းတိုင်းက အသင်းရဲ့လိုအပ်ချက်တွေ ဖြည့်ဆည်းနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ထိပ်သီးလိဂ်တွေထဲမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲကတော့ အပြောင်းအရွှေ့ကာလရောက်တိုင်း ငွေကြေးသုံးစွဲမှုအများဆုံးသုံးစွဲခဲ့သလို ထိပ်တန်းအဆင့်ကစားသမားခေါ်ယူမှုတွေကိုလဲ အများဆုံးပြုလုပ်ခဲ့တာကြောင့် ပရိသတ်စိတ်ဝင်စားမှု မြင့်တက်နေတာဖြစ်ပါတယ်။ ရာသီအစပွဲစဉ်တွေမှာတော့ ထိပ်တန်းအဆင့်ကစားသမားတွေနဲ့ ခြေစမ်းပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေရရှိထားတဲ့ အသင်းတွေကိုသာ အဓိကချဉ်းကပ်ရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညကစားမဲ့ပွဲစဉ်တွေမှာလဲ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ စပါးအသင်း၊ ကိုမိုအသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ကိုသာ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

## စပါးအသင်းကိုရွေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၁) မှာအကြိုက်တွေ့တဲ့ ပွဲစဉ်ကတော့ ဘရန့်ဖို့ဒ်အသင်းနဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရန့်ဖို့ဒ်အသင်းဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ကိုတန်းတက်ပြီးနောက်ပိုင်း တန်းမဆင်းရတော့တဲ့အသင်းဖြစ်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နှစ်စဉ်ကစားသမားကောင်းတွေပေါ်ထွက်ခဲ့တဲ့အသင်းဖြစ်ပေမဲ့ ဘဏ္ဍာရေးအခက်အခဲကြောင့် ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ တန်းမဆင်းရဖို့သာရုန်းကန်နေရတာကိုသတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲမှာတော့ စပါးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံတိုင်းရုန်းကန်နေရပြီး ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ နှစ်ပွဲစလုံးနိုင်ပွဲမရခဲ့တာဖြစ်လို့ အခုပွဲမှာလဲ စပါးအသင်းကိုထိန်းချုပ်ဖို့ခက်မှာပါ။

စပါးအသင်းဟာ နည်းပြဒီဇာဘီတာဝန်ယူပြီးနောက်ပိုင်း ပြီးခဲ့တဲ့ဘောလုံးရာသီမှာ တန်းဆင်းဇုန်ကရုန်းထွက်နိုင်ခဲ့သလို လက်ရှိမှာလဲ ထိပ်တန်းအဆင့်ကစားသမားတွေခေါ်ယူခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကွင်းလယ်ကစားသမားတိုနယ်လီနဲ့ မာတီးယက်စ်ဖာနန်ဒက်စ်၊ ခံစစ်ကဗန်ဟက်စကီး၊ ဆီနီစီနဲ့ရောဘတ်ဆန်တို့လို ကစားသမားတွေကိုခေါ်ယူခဲ့ပြီး အသင်းရဲ့အားနည်းချက်တွေကို ဖြည့်ဆည်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ခြေစမ်းပွဲငါးပွဲမှာ ငါးပွဲစလုံးနိုင်ပွဲရခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုးကိုးဂိုးနဲ့ ခံစစ်ပိုင်းက သွင်းဂိုးနှစ်ဂိုးသာပေးခဲ့ရတာကိုသတိပြုရမှာပါ။ စပါးအသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် ရာသီအစမှာရလဒ်ပိုင်းကောင်းခဲ့ပေမဲ့ ဘရန့်ဖို့ဒ်အသင်းကတော့ ရာသီအစမှာရလဒ်ကောင်းဖို့ရုန်းကန်နေရတာကြောင့် အခုပွဲမှာ ကစားသမားစုဖွဲ့မှုနဲ့ တွေ့ဆုံမှုအစဉ်အလာပိုင်းမှာ အသာရထားတဲ့ စပါးအသင်းကိုပဲရွေးရမှာပါ။

### ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၃ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | ပဲလေ့စ် |
| လီဗာပူး | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ရင်းနက် | ၂ | - | ၄ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၇ | - | ၀ | ဖရန့်ဖတ် |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | ၁ | - | ၀ | ဒွန်းစ် |
| အုတ်ကလန် | ၀ | - | ၂ | စပါး |
| ဆစ်ဒနီ | ၁ | - | ၁ | စပါး |
| ချဲလ်ဆီး | ၁ | - | ၂ | စပါး |
| စပါး | ၃ | - | ၀ | ဟော့ဖန်ဟိမ်း |

## ကိုမိုအသင်းနဲ့လက်တွဲရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၁) မှာ အကြိုက်တွေ့တာကတော့ အူဒီးနီးစ်အသင်းနဲ့ ကိုမိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ ထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာတော့ ကိုမိုအသင်းက တစ်ပွဲသရေ၊ တစ်ပွဲအနိုင်ရထားတာကိုတွေ့ရမှာပါ။ အူဒီးနီးစ်အသင်းအနေနဲ့ လက်ရှိအပြောင်းအရွှေ့မှာတော့ အဓိကကစားသမားခေါ်ယူနိုင်ခြင်းမရှိဘဲ အသင်းကကစားသမားတွေကိုသာ ဆက်လက်ထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲခြောက်ပွဲမှာတော့ သုံးပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ထားပြီး ခံစစ်ပိုင်းကပေးဂိုးရှစ်ဂိုးထိ ခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ နောက်တန်းသုံးယောက်နဲ့ ၃-၄-၂-၁ ကစားကွက်နဲ့ ကွင်းလယ်အသားပေးကစားနေပေမဲ့ ကိုမိုအသင်းလို တိုက်စစ်ကစားအားကောင်းပြီး တန်ပြန်တိုက်စစ်ကောင်းတဲ့အသင်းတွေနဲ့ဆို ခံစစ်ပိုင်းကပေးဂိုးများမှာသေချာပါတယ်။

ကိုမိုအသင်းဟာ နည်းပြဖာဘရီဂတ်စ်လက်အောက်မှာ ပုံစံကောင်းရရှိလာတဲ့အသင်းဖြစ်ပြီး လက်ရှိမှာလဲထိပ်တန်းအဆင့်ကစားသမားတွေထပ်မံခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဖာဘရီဂတ်စ်ဟာ ကိုမိုအသင်းကို ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှာ စီးရီးအေကိုပို့ဆောင်ပေးနိုင်ခဲ့ပြီး ဒုတိယရာသီမှာလဲအဆင့် (၄ )နေရာနဲ့အဆုံးသတ်နိုင်ခဲ့တာကြောင့် အခုရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့်ရယူပေးထားတာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်ပိုင်းမှာ နီကိုပက်၊ ဒူဗီကက်စ်တို့အတွဲက ခြေစွမ်းပြနေပြီး ခံစစ်ပိုင်းမှာလဲ ရန်ကော်တို၊ ချာလိုဘတ်တို့ပါလာတာကြောင့် ခံစစ်တိုက်စစ်က အရင်ကထက် ပိုကောင်းလာမှာသေချာပါတယ်။ ဒါ့ပြင် လက်ရှိ အူဒီးနီးစ်အသင်းရဲ့ခံစစ်ပိုင်းကလဲ တည်ငြိမ်မှုမရှိသေးတာကြောင့် ကိုမိုအသင်းရဲ့ တိုက်စစ်ကိုပွဲချိန်ပြည့်တားဆီးနိုင်ဖို့မလွယ်ပါဘူး။ အနည်းဆုံးတစ်ဂိုးနဲ့ ကပ်နိုင်မယ်လို့သုံးသပ်မိတာကြောင့် ကိုမိုအသင်းနဲ့လက်တွဲရမှာပါ။

### အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၃ | - | ၃ | မိန့်ဇ် |
| ထရက်ဗွန်စပေါ် | ၁ | - | ၀ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၁ | - | ၀ | နော်တင်ဟမ် |
| အူဒီးနီးစ် | ၁ | - | ၀ | ဘာစီလိုနာ |
| အူဒီးနီးစ် | ၁ | - | ၀ | ပါဒိုဗာ |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ခရီမိုနန်စီ | ၁ | - | ၄ | ကိုမို |
| ကိုမို | ၂ | - | ၂ | ပဲရစ် |
| အာဆင်နယ် | ၁ | - | ၁ | ကိုမို |
| လီဗာပူး | ၀ | - | ၀ | ကိုမို |
| လီဗာပူး | ၂ | - | ၀ | ကိုမို |

## ဘီလ်ဘာအိုအသင်းရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပွဲစဉ် (၂) မှာအကြိုက်တွေ့တာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘီလ်ဘာအိုအသင်းဟာ နည်းပြဗယ်ဗာဒီထွက်ခွာသွားပေမဲ့ အသင်းက အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တဲ့အပြင် နည်းပြသစ်အဖြစ် တာဇစ်ကိုခန့်အပ်ခဲ့တာတွေ့ရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ဆိုးရွားခဲ့ပေမဲ့ ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာတော့ ဆုဖလားရရှိခဲ့တာကြောင့် အခုရာသီမှာ ယူရိုပါလိဂ်ပြိုင်ပွဲ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်အနေနဲ့ ရာသီသစ်မစတင်ခင်မှာ ကစားသမားတွေအထိုင်ကျဖို့ ခြေစမ်းပွဲကိုးပွဲထိကစားထားပြီး ၄-၂-၃-၁ ကစားကွက်မှာ ကစားသမားတွေ ပြောင်းလဲအသုံးပြုနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဘီလ်ဘာအိုအသင်းရဲ့ ပြင်ဆင်စုဖွဲ့မှုဟာ ဆီဗီလာအသင်းကိုပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်မှာဖြစ်ပါတယ်။

ဆီဗီလာအသင်းကတော့ ပြီးခဲ့တဲ့ ပွဲစဉ် (၁) မှာ ဗယ်လ်ကာနိုအသင်းကိုနောက်ကနေ အကြိတ်အနယ်လိုက်ကစားခဲ့ရပြီး နိုင်ပွဲရှာနိုင်ခဲ့ပေမဲ့ ကစားကွက်ပိုင်းကတော့အားရစရာမရှိပါဘူး။ အဲဒီပွဲစဉ်မှာ သူတို့အသင်းရဲ့ကစားပုံဟာ ဗယ်လ်ကာနိုရဲ့ထိန်းချုပ်မှုကိုခံခဲ့ရပြီး ဒုတိယပိုင်းမှာ ဗယ်လ်ကာနိုကစားသမားတွေ ကစားပုံကြမ်းတမ်းခဲ့လို့ ပင်နယ်တီနှစ်ကြိမ်နဲ့ရှုံးခဲ့ရတာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ရာသီမစခင် ခြေစမ်းပွဲခုနစ်ပွဲကစားခဲ့ရာမှာ လေဗာကူဆင်အသင်းကိုသာရှုံးခဲ့ပေမဲ့ ကျန်အသင်းတွေဟာ ကလပ်အသင်းငယ်တွေဖြစ်နေတာကြောင့် အသင်းရဲ့စွမ်းဆောင်ရည်ဟာ အကောင်းဆုံးပုံစံရှိနေတယ်လို့ သတ်မှတ်လို့မရပါဘူး။ လက်ရှိအပြောင်းအရွှေ့မှာလဲ ဝါရင့်ကစားသမားတွေနဲ့ တိုက်စစ်ကဆန်းချက်ဇ်တို့ထွက်ခွာသွားတာကြောင့် တန်ပြန်တိုက်စစ်ကောင်းတဲ့ ဘီလ်ဘာအိုအသင်းကို ယှဉ်ကစားဖို့ခက်မှာသေချာပါတယ်။ အိမ်ရှင်နိုင်ပွဲရဖို့သေချာနေတယ်လို့ သုံးသပ်ရတာကြောင့် ဘီလ်ဘာအိုအသင်းပဲရလဒ်ကောင်းမှာပါ။

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အီဘာ | ၂ | - | ၂ | ဘီလ်ဘာအို |
| ရေဆင်း | ၀ | - | ၃ | ဘီလ်ဘာအို |
| ဘားဂို့စ် | ၀ | - | ၃ | ဘီလ်ဘာအို |
| မာဆေး | ၃ | - | ၁ | ဘီလ်ဘာအို |
| အတ္တလန်တာ | ၁ | - | ၀ | ဘီလ်ဘာအို |

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၂ | - | ၁ | စီအူတာ |
| နီမီဂျန် | ၁ | - | ၂ | ဆီဗီလာ |
| အုထရက် | ၀ | - | ၁ | ဆီဗီလာ |
| လေဗာကူဆင် | ၂ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၁ | ဗယ်လ်ကာနို |

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျှောင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။




“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm


# ရေမီတာပျက်စီး / ပျောက်ဆုံး / တပ်ဆင်ထားခြင်းမရှိသော ရေဆက်သွယ်မှုများကို အခြေခံရေသုံးစွဲမှု၏ ခြောက်ဆ ကောက်ခံသွားမည်

ရန်ကုန် ဩဂုတ် ၂၀

မည်သည့်ရေသုံးစွဲမှု အမျိုးအစားမဆို ရေမီတာပျက်စီး/ပျောက်ဆုံး/တပ်ဆင်ထားခြင်းမရှိသော ရေဆက်သွယ်မှုများကို အခြေခံရေသုံးစွဲမှု၏ ခြောက်ဆ ကောက်ခံသွားမည်ဖြစ်သည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

ထိုသို့ ကောက်ခံရခြင်းမှာ တရားမဝင် ရေသုံးစွဲမှုများနှင့် ရေလေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန် ရည်ရွယ်ပြီး ရေမီတာ တပ်ဆင်ထားခြင်းမရှိပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်ရေ/သန့်ရုံးသို့ ဆက်သွယ်ကာ အမြန်ဆုံးတပ်ဆင်ပေးကြရန် တိုက်တွန်းအကြံပေးအပ်ကြောင်း အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က သတင်းထုတ်ပြန်သည်။

အခြေခံရေဖိုးရေခကောက်ခံမှုစနစ်အနေဖြင့် အိမ်သုံး အခြေခံရေသုံးစွဲမှုကို လစဉ် ၁၀ ယူနစ်ဖြင့် လည်းကောင်း၊ စီးပွားသုံး အခြေခံရေသုံးစွဲမှုကို လစဉ် ၂၀ ယူနစ်ဖြင့် လည်းကောင်း၊ လုပ်ငန်းသုံး/စက်ရုံသုံး အခြေခံရေသုံးစွဲမှုကို လစဉ် ၃၀ ယူနစ်ဖြင့် လည်းကောင်း ကောက်ခံသွားမည်ဖြစ်သည်။ အဆိုပါ အခြေခံရေသုံးစွဲမှုပမာဏမှာ ရေသုံးစွဲသူပြည်သူများ မဖြစ်မနေပေးဆောင်ရမည့် အနည်းဆုံးပမာဏဖြစ်ကြောင်း၊ ရေဖိုးရေခနှုန်းထားအနေဖြင့် တစ်ယူနစ်လျှင် နိုင်ငံသား(အိမ်သုံး)အတွက် ငွေကျပ် ၃၃၀ နှုန်း၊ နိုင်ငံသား(စီးပွားသုံး)အတွက် ငွေကျပ် ၅၅၀ နှုန်း၊ နိုင်ငံသား(လုပ်ငန်းသုံး/စက်ရုံသုံး)အတွက်ငွေကျပ် ၆၆၀ နှုန်း၊ နိုင်ငံခြားသား(အိမ်သုံး)အတွက် ငွေကျပ် ၈၈၀ နှုန်း၊ နိုင်ငံခြားသား(စီးပွားသုံး)အတွက် ငွေကျပ် ၁၁၀၀ နှုန်း၊ နိုင်ငံခြားသား(လုပ်ငန်းသုံး/ စက်ရုံသုံး)အတွက် ငွေကျပ် ၁၃၂၀ နှုန်းဖြင့် အသီးသီး သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲမှုများလေ၊ နှုန်းထားမြင့်လေ စနစ်အနေဖြင့် မည်သည့်နိုင်ငံသား ရေသုံးစွဲမှုမဆို ၃၀ ယူနစ်အထက် သုံးစွဲပါက ငွေကျပ် ၅၅၀ နှုန်းနှင့် ၆၀ ယူနစ်အထက်သုံးစွဲပါက ငွေကျပ် ၆၆၀ နှုန်းသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး မည်သည့်နိုင်ငံခြားသား ရေသုံးစွဲမှုမဆို ၃၀ ယူနစ်အထက် သုံးစွဲပါက ငွေကျပ် ၁၁၀၀ နှုန်းနှင့် ၆၀ ယူနစ်အထက်သုံးစွဲပါက ငွေကျပ်၁၃၂၀ နှုန်းသို့တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ သတင်းထုတ်ပြန်မှုတွင် ဖော်ပြပါရှိသည်။

TWA

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၃၆၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ထီးချိုင့် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၅၃၆၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၅၃၆၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ နေကြာ ၁၅၃၆၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

INNWA BANK LIMITED

ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း



အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၁၃၆၅၇၇၊ ၄၂၄၅၉၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၃၆)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်၊

## အမည်ပြောင်း

မန္တလေး ချမ်းမြသာစည်မြို့နယ် ထွန်းရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်သိန်း၏ သမီး မထင်နေခြည်လွင် အား မထက်နေခြည်လွင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မထက်နေခြည်လွင်

## ဖခင်အမည်မှန်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦး(ဘက)ကျောင်း Grade-11 တွင် ပညာသင်ကြားခဲ့သော မောင်ဇင်မျိုးနိုင်၏ဖခင်အမည်မှန်မှာ ဦးဘိုးနီ ဖြစ်ပါကြောင်း။

ဦးဘိုးနီ (၉/မရတ(နိုင်)၀၂၈၈၇၅)

## မွေးသက္ကရာဇ်အမှန်

မန္တလေး မဟာအောင်မြေမြို့နယ် စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 (အဠမတန်း)မှ အဘ ဦးမြတ်သူ၏သား မောင်မင်းမြတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၅-၂၀၁၁ ဖြစ်ပါကြောင်း။

မောင်မင်းမြတ် (၁၈-၅-၂၀၁၁)

## ပျောက်ဆုံးကြောင်း

မန္တလေး ချမ်းအေးသာစံမြို့နယ်(၆၃၄) ကဠုဏာမဟီနေ မအေးအေးသန့် (ဘ) ဦးဂေါ်ရှိန် (၁၃/ကမန(နိုင်)၀၆၄၃၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-776245199.

## ပျောက်ဆုံးကြောင်း

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ဟ-၁၃ (ဃ)ရပ်ကွက်နေ မနွယ်နီအေး (ဘ) ဦးမောင်ဝင်း (၉/မတရ(နိုင်)၁၅၂၆၇၉) နိုင်ငံကူးလက်မှတ်အမှတ် P.P. No MF 604057 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-680171322.

## ဖခင်အမည်မှန်

အမရပူရခရိုင်၊ အမရပူရမြို့၊ ထန်းတပင်ရပ်တွင် နေထိုင်သော မစိမ့်ယမုံနွယ် VEC ပညာ့ရိပ်သာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 (A)တွင် ပညာသင်ကြားနေသူ၏ အိမ်ထောင်စုစာရင်းအရ ဖခင်အမည်မှာ ဦးရန်နောင်စိုး မှတ်ပုံတင်နံပါတ် ၉/အမရ(နိုင်)၀၉၉၃၉၅ ဖြစ်ပါသောကြောင့် ဖခင်အမည်မှန်မှာ ဦးရန်နောင်စိုး ဖြစ်ပါကြောင်း။

ဦးရန်နောင်စိုး
၉/အမရ(နိုင်)၀၉၉၃၉၅
ထန်းတပင်ရပ်
အမရပူရမြို့။

## ဖခင်အမည်မှန်

မလှိုင်မြို့ မြတံခွန် က.ပ.က Grade-12 အတန်းတွင် ပညာသင်ကြားနေသော မောင်ဇင်ကိုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဟံဝင်းနိုင် ဖြစ်ပါကြောင်း။

ဦးဟံဝင်းနိုင် (၉/ညဥန(နိုင်)၁၄၆၂၅၅)

## ဖခင်အမည်မှန်

မလှိုင်မြို့ မြတံခွန် က.ပ.က Grade-12 အတန်းတွင် ပညာသင်ကြားနေသော မနန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုး ဖြစ်ပါကြောင်း။

ဦးမျိုး (၉/တသန(နိုင်)၀၉၈၅၉၃)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမရပူရမြို့နယ်၊ ရေဘုတ်ကျေးရွာမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့သော မနိုးနိုး (၉/အမရ(နိုင်)၁၈၇၇၈၉)၏ ဖခင်အမည်မှာ ဦးငွေးမြင့် (ခ) ဦးငွေးမင်းနှင့် မိခင်အမည်မှာ ဒေါ်ဝင်းခင် (ခ) ဒေါ်ခင်ခင်တို့မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးငွေးမြင့်(ခ)ဦးငွေးမင်း(၉/အမရ(နိုင်)၀၇၅၉၈၀)
ဒေါ်ဝင်းခင်(ခ)ဒေါ်ခင်ခင်(၉/အမရ(နိုင်)၁၇၂၁၇၇)

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်၊ အရှေ့လားသော် လမ်း၊ အနောက်လားသော် ဦးဇော်မင်းသက်၊ တောင်လားသော် လမ်း၊ မြောက်လားသော် ဦးဖိုးပြုံး၊ ယင်းအနားလေးရပ်အတွင်းရှိ ဦးအောင်ဇော်၊ ဒေါ်သိမ့်သိမ့်ငွေး၊ ၉/မခန(နိုင်)၂၅၄၈၁၂ ကိုင်ဆောင်သူမှ အလျား (၂၀'-၀"၊ အနံ ၂၀'-၀") Ironframe နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့။

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

စာမျက်နှာ - ၁၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

# မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ တက်ရောက်အဖွင့်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ -ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin၊ ခရီးစဉ်တွင် လိုက်ပါလာသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand - Myanmar High Level Committee Meeting) ကျင်းပ

စာမျက်နှာ - ၂၂

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

စာမျက်နှာ - ၂၃

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

စာမျက်နှာ - ၂၄

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊

စာမျက်နှာ ၂၆ ကော်လံ ၄ ●

## တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၃ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၀

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများတွင် အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန်ဖမ်းဆီးအရေးယူခြင်းများ

စာမျက်နှာ ၂၇ ကော်လံ ၁ ❖

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်ပြမြေပုံ။

